ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၄၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၄၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၁၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဆေးစစ်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးသန်းဇော်ထွန်း၊ တပ်မတော်၊ တာဝန်။ ဦးညိုထွန်း၊ ရခိုင်(၁၁)၊ ကျန်းမာရေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို<br>မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဟုမ္မလင်းမြို့၊ မြို့တော်ခန်းမ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင် က ဟုမ္မလင်းမြို့၊ မြို့တော်ခန်းမ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ နဲ့ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုမ္မလင်းမြို့၊ မြို့တော်ခန်းမ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့ဟာ ကျွန်တော်တို့ ချင်းတွင်းမြစ်အထက်ပိုင်း တစ်နည်းအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ဘက်ပိုင်းမှာတော့ လူဦးရေအများဆုံးနဲ့အကျယ်ပြန့်ဆုံး မြို့တစ်မြို့ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း မြို့ကို ရောက်ရှိလာတဲ့ နိုင်ငံတော်အကြီးအကဲများ ခရီးစဉ်မှာပဲဖြစ်ဖြစ်၊ နိုင်ငံတော်နေ့ကြီးရက်ကြီး အခမ်းအနားများ

မှာပဲဖြစ်ဖြစ်၊ မြို့နယ်က ကြီးမှူးဖွင့်လှစ်တဲ့သင်တန်းများမှာပဲဖြစ်ဖြစ် လူဦးရေဝင်ဆံ့နိုင်တဲ့ အဆောက်အအုံဖြစ်တဲ့ မြို့နယ်အားကစားခန်းမကိုသာ အသုံးပြုနေရပါတယ်။ အဲဒီလို အသုံးပြုနေရတာဟာ မြို့မှာ ခန်းမ မရှိတဲ့အတွက်ကြောင့် ရှိတဲ့အဆောက်အဦလေးနဲ့ပဲ အဆင်ပြေအောင် အသုံးပြုနေရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့တစ်မြို့ရဲ့ အင်္ဂါရပ်၊ မြို့ရဲ့ ဂုဏ်ကျက်သရေကို ဖော်ဆောင်နေတဲ့ မြို့နယ်စုဝေးခန်းမ၊ တစ်နည်းအားဖြင့် မြို့တော်ခန်းမ ဆောက်လုပ်ဖို့ လိုအပ်ပါတယ်။ ဆောက်လုပ်ဖို့နေရာကို မေးမြန်းကြည့်တဲ့အခါမှာ မိဘပြည်သူများက ၁၉၆၇ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ ပြည်သူ့ဆောက်လုပ်ရေးကော်ပိုရေးရှင်း(ပ.ပ.က)က ဆောက်လုပ်ခဲ့တဲ့ မြို့နယ်ကုန်သွယ်လယ်ယာဂိုဒေါင်တစ်လုံးရှိကြောင်း၊ ထိုဂိုဒေါင်ကို ယခုအခါ အသုံးပြုခြင်း မရှိတဲ့အတွက် ဆောက်လုပ်မည်ဆိုပါက သင့်လျော်သည့်နေရာဖြစ်ကြောင်းကို မိဘပြည်သူများက (၁၁)ကြိမ်မြောက် လွှတ်တော်အစည်းအဝေးရပ်နားချိန်မှာ တင်ပြတဲ့အတွက် သွားရောက်ကြည့်ရှုကာ မြင်တွေ့ခဲ့ရပါတယ်။ ဖော်ပြပါ ဂိုဒေါင်ရဲ့တည်နေရာဟာ အရှေ့ဘက်မှာ ဒေါ်တင်ရီနေအိမ်၊ အနောက်ဘက်မှာ အောင်ဆန်းလမ်းမ၊ တောင်ဘက်မှာ သစ္စာလမ်း၊ မြောက်ဘက်မှာ ဦးချစ်မောင် နေအိမ်တို့ ရှိကြောင်း၊ မြေကွက်အကျယ် အလျား(၁၇၀)ပေနဲ့ အနံ(၈၅)ပေရှိပြီး မြေကွက်ဧရိယာမှာ (၀.၃၈၃)ဧကခန့် ရှိကြောင်း၊ အဆောက်အဦရဲ့အလျားဟာ ပေ(၁၅၀)၊ အနံဟာ ပေ(၆၀)နဲ့ အမြင့် (၁၄)ပေ ရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အသုံးပြုခြင်းမရှိတော့တဲ့ မြို့နယ်ကုန်သွယ်လယ်ယာဂိုဒေါင်အဆောက်အဦကို မြို့နယ်အတွက် အမှန်တကယ်လိုအပ်တဲ့ မြို့တော်ခန်းမ ဆောက်လုပ်ခွင့်ပြုပေးရန်နဲ့ ပထမအကြိမ်လွှတ်တော်ကာလအတွင်း ရန်ပုံငွေခွဲဝေချထားပေးနိုင်ပါရန် မိဘပြည်သူများကိုယ်စား ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင်၏ မေးမြန်းချက်နဲ့ ပတ်သက်ပြီး စစ်ကိုင်း

တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံပန်ကြားအပ်ပါတယ်ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ မြို့တော်ခန်းမတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းသည့်မေးခွန်းနဲ့ပတ်သက်၍ ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ရှိ မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင်သိုလှောင်ရုံအဆောက်အဦနှင့် မြေနေရာ(၀.၃၈၃) ဧကသည် မြို့ပြစီမံကိန်းရေးဆွဲရာ၌ ၎င်းမြေနေရာအား မြို့တော်ခန်းမဆောက်လုပ်ရန် ထည့်သွင်းလျာထားခြင်းမရှိသည့်အတွက် လက်ရှိအခြေအနေတွင် ဆောက်လုပ်ရန်အစီအစဉ်မရှိသေးပါ။ မြို့တော်ခန်းမဆောက်လုပ်ရန်အတွက် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဘတ်ဂျက်လျာထားခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ အထက်ပါမြေနေရာအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် လွှဲပြောင်းလက်ခံနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**နမ့်ဆန်မြို့၏ အဓိကဆက်သွယ်ရာလမ်းမကြီးပေါ်ရှိ လီလူဘေလီတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော် က နမ့်ဆန်မြို့၏ အဓိကဆက်သွယ်ရာလမ်းမကြီးပေါ်ရှိ လီလူဘေလီတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ဟာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် နမ့်ဆန်မြို့၏ အဓိကဆက်သွယ်ရာလမ်းမကြီးပေါ်ရှိ လီလူဘေလီတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကိုမေးမြန်းသွားရန် ဖြစ်ပါတယ်။

လေးစားအပ်တဲ့အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဆန်မြို့ဟာ ရှမ်းပြည်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ရုံးစိုက်ရာမြို့ဖြစ်ပါတယ်။ ရှေးမြန်မာမင်းများလက်ထက်မှသည် ၁၉၅၉ ခုနှစ်စော်ဘွားများ အာဏာစွန့်တဲ့ နေ့အထိ တအာင်း(ပလောင်)စော်ဘွားများ အဆက်ဆက် တောင်ပိုင်နယ်ကို အုပ်ချုပ်တဲ့ ရုံးစိုက်ရာသမိုင်းဝင်တဲ့ မြို့လည်းဖြစ်ပါတယ်။ သီပေါမြို့မှ (၄၈)မိုင်(၄)ဖာလုံ၊ ကျောက်မဲမြို့မှ (၇၆)မိုင်၊ နမ္မတူမြို့မှ (၅၅)မိုင်၊ လားရှိုးမြို့မှ (၇၁) မိုင်ကွာဝေးပြီး ကျောက်မဲမြို့မှလွဲပြီး ကျန်မြို့များနဲ့ နေ့ချင်းပြန် သွားလာဆက်သွယ်နိုင်ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း နမ့်ဆန်-မိုင်ငေါ့-ကျောက်မဲလမ်းသည် အဓိကဆက်သွယ်ရာလမ်းကြောင်း ဖြစ်ခဲ့သော်လည်း မြန်မာဆိုရှယ်လစ်လမ်းစဉ်ခေတ်ကတည်းက စနစ်တကျပြုပြင်ထိန်းသိမ်းမှု မရှိတဲ့အတွက်

(၇၆) မိုင်ဝေးသောခရီးကို တစ်နေ့လုံး ခက်ခက်ခဲခဲမောင်းနှင် သွားလာနေရပါတယ်။ ဒါကြောင့်မို့လို့ (၄၈)မိုင် (၄)ဖာလုံဝေးသော နမ့်ဆန်-သီပေါလမ်းကိုသာ အဓိက Main လမ်းအဖြစ် ယခု ဒီမိုကရေစီ အစိုးရလက်ထက်တွင် မြေသားလမ်း(၃၄)ပေအထိ တိုးချဲ့ခြင်း၊ ကတ္တရာလမ်း ထပ်ပိုးခင်းခြင်း ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။ ကတ္တရာခင်းရန် (၃)မိုင်(၂)ဖာလုံနဲ့ မြေသားလမ်းချဲ့ထွင်ရန် (၃)မိုင် (၂)ဖာလုံသာ ကျန်ရှိပါတော့တယ်။ မည်သို့ဆိုစေ သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူမြန်ဆန်လာပြီ ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးအထူးတင်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ ကိုယ်စား လေးစားစွာတင်ပြ အပ်ပါတယ်။

နမ့်ဆန်မြို့မှ (၂၁)မိုင်(၅)ဖာလုံ၊ သီပေါမြို့မှ (၂၆)မိုင်(၇)ဖာလုံအကွာမှာ လီလူချောင်း ကိုဖြတ်ကူးတဲ့ သံကူကွန်ကရစ် ရေလယ်တိုင်(၂) တိုင်၊ (၃၁၀)ပေရှိသော ဘေလီတံတား တစ်စင်း တည်ရှိပါတယ်။ ၎င်းတံတားကို ၁၉၉၀ ခုနှစ်တွင် စတင်တည်ဆောက်ကာ ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ တံတားအမျိုးအစားမှာ တစ်လွှာ၊ တစ်ထပ်(၁၃)တန် ခံနိုင်ဝန်အားရှိ ဘေလီတံတား ဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်တွင် ရေတိုက်စားပြီး နမ့်ဆန်မြို့ဘက်ခြမ်း ရေလယ်တိုင် (၁)တိုင် တိမ်းစောင်းသွားတဲ့အတွက် ၂၀၀၈ ခုနှစ်တွင် ယခုပုံပါ မြင်ရသည့်အတိုင်း (၁)လွှာ၊ (၂)ထပ် ခံနိုင်ဝန်အား (၂၁)တန်ရှိ ကြိုးတံတားပုံစံတစ်ဖက်၊ ရေလယ်တိုင်တစ်ဖက် ဘေလီ တံတားအဖြစ် ပြန်လည်ပြုပြင် တည်ဆောက်ပေးခဲ့ပါတယ်။ ၎င်းကြိုးတံတားပုံစံတစ်ဖက်၊ ရေလယ်တိုင် တစ်ဖက်ပုံစံဖြင့်ပင် ယနေ့တိုင် ဖြတ်သန်းသွားလာနေရဆဲ ဖြစ်ပါတယ်။

၎င်းလီလူတံတားသည်ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ နမ္မတူမြို့များနှင့် ဆက်သွယ်ရာတွင် အဓိကကျတဲ့ မိန်းလမ်းပေါ်တွင် တည်ရှိပါတယ်။ လမ်းကို အဆင့်မြင့်တင်ထားတဲ့အတွက် ကုန်ကား ကြီးများ သတ်မှတ်ကုန်ချိန်အတိုင်း တင်ဆောင်လာပြီး ၎င်းတံတားအရောက်မှာ ကုန်များချကာ ကားကို တစ်လှည့်၊ ကုန်များကို တစ်လှည့် ခွဲပြီးတင်ရတဲ့အတွက် အချိန်ကြန့်ကြာလူပင်ပန်း ဖြစ်ရပါတယ်။ ညအချိန် တွင် ကုန်ကားကြီးများ ကုန်မချဘဲ ဖြတ်သန်းသွားလာတဲ့အတွက် အလွန်အန္တရာယ်များပါတယ်။ နမ့်ဆန် မြို့နယ်တစ်နယ်လုံး၏ အဓိကထွက်ကုန်ဖြစ်တဲ့ ပိဿာချိန်သန်းချီရှိတဲ့ လက်ဖက်စို၊ လက်ဖက်ခြောက် များကိုလည်း ၎င်းတံတားမှတစ်ဆင့် ဖြတ်သန်းသွားလာတင်ပို့နေရပါတယ်။ တိုင်းပြည်တစ်ပြည်၏ စီးပွား ဖွံ့ဖြိုးမှုသည် ၎င်းတိုင်းပြည်၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အဆင်ပြေမှုအပေါ် တိုက်ရိုက် ဆက်သွယ်နေပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ပြသဆွေးနွေး ခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်။ ပထမပုံကို စပြမယ်။ ဟုတ်ကဲ့၊ ဒီဟာက ပထမပုံကတော့ နမ့်ဆန်မြို့ကနေပြီးတော့မှ တစ်ခါအဲဒီလီလူတံတားအရောက်မှာ ကျွန်တော်တို့ မြင်ရတဲ့ပုံပဲဖြစ်ပါတယ်။ ဒုတိယပုံကတော့ အခုလက်ရှိ စောစောတုန်းက ကျွန်တော်ပြောသလိုပါပဲ တစ်ဖက်ကနေပြီးတော့မှ ကမ်းပါးယံကို ကပ်ထားပြီးတော့မှ ကြိုးတံတားပုံစံလုပ်ထားပြီးတော့မှ တစ်ဖက်ကို ကျွန်တော်တို့ ရေလယ်တိုင်မှာရှိတဲ့ ကျွန်တော်တို့က ကြိုးတံတားကို ဆွဲထားပါတယ်။ အခုလက်ရှိ မြင်ထားတဲ့ အတိုင်းပါ။ ပထမ အပေါ်ပုံကတော့ သီပေါဘက်ကနေပြီးတော့ နမ့်ဆန်ဘက်ကို လှမ်းမြင်ရတဲ့ပုံပဲ ဖြစ်ပါတယ်။ ဟိုဘက်ကမ်းကိုတော့ တောင်ကမ်းပါးယံမှာ ကပ်ပြီးတော့မှ ဒီဘက်ကမ်းကျတော့မှ အဲဒီ ရေလယ်တိုင်မှာတင် ထားပါတယ်။ အောက်ပုံကတော့ နမ့်ဆန်ဘက်ကနေပြီးတော့မှ လှမ်းမြင်ရတဲ့

ကမ်းကပ်ခုံပဲ ဖြစ်ပါတယ်။ အပေါ်ပုံကတော့ စောစောတုန်းက ကျွန်တော်ပြောသလို၊ တင်ပြသလို နမ့်ဆန်ဘက်ကမ်းမှာ အဲဒီမှာ ကြိုးတံတားပုံစံ ကမ်းပါးယံကို ကျွန်တော်တို့က သံလုံးတွေ၊ သံချောင်းတွေ စိုက်ထားပါတယ်ခင်ဗျား။

အပေါ်က တစ်ပုံရယ်၊ အောက်ကနှစ်ပုံရယ်ဖြစ်ပါတယ်။ ဒါကတော့ နမ့်ဆန်ဘက်ကနေပြီးတော့ မြင်ရတဲ့ပုံပါ။ ကမ်းကပ်ခုံပေါ်မှာ ကျွန်တော်တို့ သံတိုင်ကို ထောင်ထားပြီးတော့မှ ဒီဘက်ကနေပြီးမှ ကမ်းပါးယံကို ဆွဲကပ်ထားပါတယ်။ နမ့်ဆန်ဘက်၊ ကျန်တဲ့တစ်ဖက်က နေပြီး တော့မှ အဲဒီတံတားဘောင်ကို ဆွဲထားပါတယ် ခင်ဗျား။ အောက်ပုံလည်း ထိုနည်းလည်းကောင်းပါပဲ။ ဒါကလည်း ထိုနည်းလည်းကောင်းပါပဲခင်ဗျား။ အောက်ပုံကတော့ စောစောတုန်းက ကျွန်တော် တင်ပြထားတဲ့အတိုင်း မြေသားလမ်းကို (၃၄)ပေအထိ တိုးချဲ့ထားပါတယ်။ နောက် ကတ္တရာကိုလည်း ထပ်မံပြီးတော့မှ ပိုးထားတဲ့အတွက်ကြောင့်၊ ခင်းထားတဲ့အတွက်ကြောင့် ဒီလမ်းက တော်တော့်ကို အဆင်ပြေပါတယ်။ နမ့်ဆန်မြို့ကနေပြီးတော့မှ သီပေါမြို့အထိ (၄၈)မိုင်၊ (၅)ဖာလုံရှိတဲ့ ယခင်က အဲဒီလမ်းကို (၅)နာရီ၊ (၆)နာရီလောက်မောင်းရပါတယ်။

ယခု အစိုးရလက်ထက်မှာ ဒီလမ်းကို တိုးချဲ့ပြုပြင် ကတ္တရာထပ်ခင်းပေးတဲ့အတွက် အိမ်စီးကားဆိုရင်တော့ (၂)နာရီလောက်ပဲ ကျွန်တော်တို့မောင်းရပါတယ်။ တော်တော်လေးအဆင်ပြေပါတယ်။ ပြည်သူလူထုလည်း ဝမ်းသာပါတယ်။ အားရပါတယ်။ ဒါကတော့ စောစောတုန်းကဘေလီတံတားကို ကျွန်တော်တို့က ဒီ သံလုံးနဲ့ ဆွဲလိုက်တဲ့အချိန်မှာ မူလီချောင်းတွေဟာ ဒီလိုပဲကွေးကောက်ပြီးတော့ စွေစောင်းနေပါတယ်။ ကျွန်တော်မြင်ရတဲ့အတွက်၊ အင်ဂျင်နီယာမဟုတ်တဲ့အတွက် ဒီဝိတ်ကို မခံနိုင်ဘူးလို့ ကျွန်တော်တို့ မြင်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီဆွဲထားတဲ့၊ မူလီတွေ ဆွဲထားတဲ့ နပ်တိုင်တွေဟာ ကွေးကောက်နေတာ ကျွန်တော်မြင်ရပါတယ်။ အလွန်လည်းအန္တရာယ်များပါတယ်။ ဒီအောက်ပုံကလောလောဆယ်အတိုင်း ကျွန်တော်တို့က ဒီပုံစံမျိုးမဟုတ်တော့ပါဘူး။ ဒီပုံကိုတော့ ကျွန်တော်တို့ ၂၀၁၅၊ ဇန်နဝါရီလပိုင်းမှာ ကျွန်တော် ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ အခုဒီမှာ လူသွားလမ်းဖြစ်တဲ့ ကားဖြတ်တဲ့နေရာ ဒီ အသားခုံတွေဆိုတာကတော့ တော်တော့်ကို ပျက်စီးနေပါတယ်။ အန္တရာယ်လည်း များပါတယ်ခင်ဗျား။

ဒါက ပထမပုံမှာက ရေလယ်တိုင်ပေါ်မှာရှိတဲ့ ကျွန်တော်တို့က ရေလယ်တိုင်ပေါ်မှာ သံချောင်း၊ သံတိုင်ကို စိုက်ထူခြင်း ဖြစ်ပါတယ်။ ဒီအပေါ်မှာကိုက ကြိုးတံတားပုံစံ ဟိုဘက်ဒီဘက်၊ ဘေလီတံတားကို ကျွန်တော်တို့ ပြန်ဆွဲထားပါတယ်။ အောက်ပုံကကျတော့ ဒီနမ့်ဆန်မြို့ဘက်မှာရှိတဲ့ ကမ်းကပ်ခုံပေါ်မှာ သံတိုင်ကို ပြန်လည်စိုက်ထူပြီးတော့ ဒီအပေါ်မှာ အခုန စောစောပိုင်းတုန်းက ကမ်းပါးယံကိုတစ်ဖက်၊ ဘေလီကိုတစ်ဖက် ကြိုးနဲ့ဒီသံတိုင်ပေါ်မှာ တင်ပြီးတော့မှ ဆွဲထားခြင်းဖြစ်ပါတယ်။ ဒါက စောစောပိုင်းတုန်းက ကျွန်တော်တင်ပြ ထားတဲ့အပိုင်း ဖြစ်ပါတယ်။ ကားလမ်းကို ကျွန်တော်တို့က တိုးချဲ့ပြီးတော့မှ ဖြတ်ထားတဲ့အတွက်ကြောင့်မို့လို့ သွားလာဖို့ အလွန်ပဲ အဆင်ပြေပါတယ်။ အဲဒီတံတားတစ်ခုပဲ ဘေလီသံဘောင်တံတားကနေပြီးမှ ကျွန်တော်တို့ ကွန်ကရစ်တံတား အနေနဲ့ အဆင့်မြှင့်တိုးချဲ့ပေးလိုက်မယ်ဆိုရင် နမ့်ဆန်မြို့ဟာ အချိန် မရွေးသွားလာနိုင်တဲ့ လမ်းဖြစ်ပါတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ နမ့်ဆန်မြို့၏ အဓိက ဆက်သွယ်ရာ Main လမ်းပေါ်တွင်တည်ရှိတဲ့ လီလူဘေလီတံတားကို သံကူကွန်ကရစ်တံတား အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ သိရှိလိုပါကြောင်း ရှိမည်ဆိုပါက မည်သည့် ဘဏ္ဍာနှစ်တွင် တည်ဆောက်နိုင်မည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

သီပေါ-ပန်လုံ-နမ့်ဆန်လမ်းပေါ်ရှိ လီလူတံတား(၁/၂၂)၏ ပြုပြင်ပြီးပုံ (ဋ္ဌ)



နမ့်ဆန်မြို့ဘက်ခြမ်း တံတားသံဘောင်ကို သံတိုင်အပေါ် ရှုပ်တန်းဖြင့်တင်ထားပုံနှင့် (ဋ္ဌ-၁)



နမ့်ဆန်မြို့ဘက်ခြမ်း တောင်ကမ်းပါးပေါ်တွင် ကျနိုတစ်ဖက်ရှပ်တန်းကို ကြိုးတံတားကဲ့သို့ တွယ်ကပ်ထားသောပုံ (ပုံ-၂)



**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်အမှတ်(၁၀)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းကျော် က မေးမြန်းထားတဲ့ လီလူတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းကျော် တင်ပြသွားသလိုပဲ Power Point ဖြင့် ကျွန်တော်ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါ။ ကိုယ်စားလှယ်ကြီး ဦးထွန်းကျော် ကိုလည်း Power Point နဲ့ သေသေချာချာ ရှင်းလင်းတင်ပြသွားတဲ့အတွက် အထူးကျေးဇူးတင်ရှိကြောင်း ကျွန်တော်တို့ မှတ်တမ်းတင်အပ်ပါတယ်။ အဲဒီတော့ ဒီမှာ အခုတင်ပြသွားတဲ့ လီလူတံတားရဲ့ နေရာဟာ ဒီနေရာဖြစ်ပါတယ်။ ဒီတော့ ဒီမှာ နမ့်ဆန်မြို့ ဒီမှာရှိပါတယ်။ အဲဒီတော့ အဓိကအားဖြင့် နမ့်ဆန်မြို့ ကနေပြီးလာရင် ဒီဟာ နမ့်ဆန် ပြီးရင် ပန်လုံ၊ ပန်လုံကနေပြီးတော့ ဒီဘက်သွားရင် နမ္မတူ၊ ဒီဘက်သွားရင် လားရှိုး၊ ဒီ

ဘက်သွားရင် သီပေါ၊ ကျောက်မဲ ဖြစ်တဲ့အတွက် ဒီတံတားဟာ အမှန်တကယ် အရေးကြီးတဲ့ တံတား ဖြစ်တယ်ဆိုတာ အမှန်ပဲ ဖြစ်ပါတယ်။ ဒီတော့ ဒီ တံတားကြီးကို ကျွန်တော်တို့က ဒီတည်ဆောက်တဲ့အခါမှာ နမ့်ဆန်မြို့က နေပြီးတော့ (၂၁)မိုင်၊ (၅)ဖာလုံကွာတဲ့ လီလူရွာအနီးမှာ တည်ဆောက်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ တံတားဟာ ပြန်ကြည့်ရင် သီပေါကနေဆိုရင် (၂၆)မိုင်နဲ့ (၅)ဖာလုံ ဝေးပါတယ်။

ဒါကြောင့်မို့လို့ ဒီ တံတားကလည်း အလွန်အချက်အခြာကျတဲ့ တံတားဖြစ်ပြီးတော့ ကျွန်တော်တို့က ဒီတံတားကြီးကို ၁၉၉၀ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့မှာ ပြီးစီးအောင် ကျွန်တော်တို့ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ တံတားကြီး တည်ဆောက်စဥ် အခါတုန်းက ပထမအဆင့်မှာ ကျွန်တော်တို့ ဒီလိုတည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ တံတားဟာ အခန်းဖွင့်အနေနဲ့ ပထမအခန်းဖွင့် ပေ(၁၀၀)ရှိပါတယ်။ ဒုတိယအခန်းဖွင့် ပေ(၁၀၀)၊ တတိယ (၁၁၀) စုစုပေါင်း ပေ(၃၁၀)နဲ့ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီတံတားကြီးကို ၂၀၀၁ ခုနှစ်မှာ ရေတိုက်စားတဲ့အတွက် ဒီတံတားရဲ့ တိုင်ဟာ ဒီလို ယိုင်သွားတာဖြစ်ပါတယ်။ ဒါ ဓာတ်ပုံလေးနဲ့ ပြပေးပါ့မယ်။ ဒီလိုဒီလို ဒါ ယိုင်သွားတာဖြစ်ပါတယ်။ ဒီလိုယိုင်သွားတဲ့အခါမှာ ဒီခန်းဖွင့်ဟာ ပေ (၂၀၀) ဖြစ်သွားပါတယ်။ ပေ(၂၀၀)ဖြစ်သွားတဲ့အတွက် ကျွန်တော်တို့က ဘေလီတံတား ဒီမှာ တစ်လွှာ တစ်ထပ် Single, Single ဘေလီတံတားကို ကျွန်တော်တို့ တင်ထားတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ဒီဟာက ဘယ်လိုမှ Single, Single နဲ့ ခံနိုင်ရည်မရှိတော့တဲ့အတွက် ကျွန်တော်တို့က ဒီမှာ ကြိုးတံတား အသွင်နဲ့ ဒါကို ကျွန်တော်တို့ ကြိုးနဲ့ ဆွဲပြီးတော့ ဒါ (၁၃)တန်အထိ သွားလို့ရအောင် ကျွန်တော်တို့ ဆောင်ရွက် ထားတဲ့ အဆင့်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီဟာကို ပြန်လည်ပြီးတော့ ပြင်ဆင်တဲ့အခါမှာ ကြိုးတံတား လည်း တပ်ဆင်မယ်။ ပြီးရင် ကျွန်တော်တို့ ယိုင်သွားတဲ့ တံတားကို ကျွန်တော်တို့က နည်းနည်းနေရာရွှေ့ ပြီးတော့ ဒီဘက်ပေ(၄၀)၊ ဒီဘက်ကမ်းခုံကနေပြီး ပေ(၄၀)အကွာမှာ နောက်ထပ် အုတ်ခုံတစ်ခု ကျွန်တော်တို့ တည်ဆောက်လိုက်ပါတယ်။ ပြီးရင် ကျွန်တော်တို့က ဒီဘက် ကျန်တဲ့ (၁၆၀)ရှိပါတယ်။ ဒီ (၁၆၀)ကို ကျွန်တော်တို့က (၈၀)၊ (၈၀)၊ (၂)ခုခွဲပြီးတော့ ဒါ ဘေလီတံတား ကျွန်တော်တို့ ဆင်ပါတယ်။ အဲဒီအခါမှာ တော့ ကျွန်တော်တို့ တပ်ဆင်တဲ့ဟာက မူလက တပ်တဲ့ တစ်လွှာ တစ်ထပ် ဘေလီ မဟုတ်တော့ဘဲနဲ့ နှစ်လွှာ တစ်ထပ်ဘေလီ Double Single အမျိုးအစားကို ကျွန်တော်တို့ တပ်ပါတယ်။ ဒီ့အပြင် ကျွန်တော်တို့ တည်ဆောက်တဲ့ တံတား ပိုမိုပြီးတော့ ခိုင်ခံ့မှုရှိအောင် ကြိုးနဲ့ဆွဲထားတဲ့အပြင် ဒီ တံတားရဲ့ ဘေလီ ဘောင်တွေ အပေါ်မှာ Courtyard Formats ခေါ်တဲ့ ကျွန်တော်တို့ သံချောင်းတွေနဲ့ ထပ်ချုပ်ပြီးတော့ ကျွန်တော်တို့ ဒါ ခံနိုင်ရည်ဝန် ပိုမိုရရှိအောင် ဆောင်ရွက်တဲ့အတွက် လက်ရှိမှာ ဒီတံတားကို (၂၄)တန် အထိ ခွင့်ပြုချက်ရအောင် ကျွန်တော်တို့ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ၂၀၀၉ ခုနှစ် မေလမှာ ကျွန်တော်တို့ ဒီ အဆင့်အထိ ကောင်းမွန်အောင် ဆောင်ရွက်ပြီးပါပြီ။ အဲဒီတော့ ဒါကို ကျွန်တော်တို့က နှစ်စဥ် ထိန်းသိမ်း လျက် ရှိပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ ဒါ (၁၀)ရက် (၅)လကဆိုတော့ မကြာသေးပါဘူး။ ဒါ ရိုက်ထားတဲ့ ပုံဖြစ်ပါတယ်။ ဒီလိုပုံသဏ္ဍာန်ဖြစ်ပါတယ်။ ခုနဒါ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းကျော် တင်ပြတဲ့ ပုံနဲ့ ဒါအတူတူပါပဲခင်ဗျား။ နောက် တစ်ပုံရှိပါတယ်။ ဒါကလည်းပဲ ဒါ ကျွန်တော်တို့ နှစ်စဥ် ဒါတွေကို ပြင်ဆင်ထိန်းသိမ်းရေးနဲ့ တောင့်တင်းအောင် လုပ်လျက်ရှိပါတယ်။ ဒီအပြင် ခုန ဦးထွန်းကျော်

တင်ပြသွားတဲ့ ကြိုးတံတားကို ထိန်းတဲ့ နေရာလည်းပဲ ကျွန်တော်တို့ နည်းနည်းလွဲ၊ မူလီတွေ ချောင်နေတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြန်လည်ပြင်ဆင်ပြီးတော့ ဒီတံတားကြီးကို အတတ်နိုင်ဆုံး ကောင်းမွန်အောင် ကျွန်တော်တို့ ထိန်းသိမ်းဆောင်ရွက်လျက် ရှိပါတယ်။

ဒါကြောင့်မို့ ဒီ တံတားကြီးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြန်သုံးသပ်ရရင် ဒီ တံတားကြီးဟာ နမ့်ဆန်မြို့အတွက် အင်မတန် အရေးကြီးပါတယ်။ သီပေါ၊ ကျောက်မဲ၊ နမ္မတူ၊ လားရှိုးစတဲ့ မြို့ကြီးများကို အချိန်တိုတိုနဲ့ ဆက်သွယ်သွားလာနိုင်တဲ့ တံတားကြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့လည်း ဒီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ထည့်သွင်းထားခြင်း မရှိပေမယ့် ကျွန်တော်တို့ ရေရှည်စီမံကိန်းကာလကြီးရဲ့ ဒုတိယစီမံကိန်းနှစ်ဖြစ်တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ဒီ တံတားကြီးကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးဖို့အတွက် စီမံဆောင်ရွက် တင်ပြလျက်ရှိပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းနှင့် မြန်အောင်မြို့နယ်များရှိ တောင်သူများအနေဖြင့် ရာသီဥတု ဖောက်ပြန်ပြီး မိုးရေချိန် လုံလောက်အောင် မရရှိခဲ့၍ မိုးသီးနှံ စပါးပေါ်မှ ဝင်ငွေလုံးဝ မရရှိခဲ့ပါသဖြင့် စိုက်ပျိုးစရိတ်ချေးငွေကို နိုင်ငံတော်မှ တစ်နှစ်ဆိုင်းပေးခြင်းဖြင့် ကူညီပံ့ပိုးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်ရီ က ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းနှင့် မြန်အောင်မြို့နယ်များရှိ တောင်သူများအနေဖြင့် ရာသီဥတု ဖောက်ပြန်ပြီး မိုးရေချိန် လုံလောက်အောင် မရရှိခဲ့၍ မိုးသီးနှံ စပါးပေါ်မှ ဝင်ငွေလုံးဝ မရရှိခဲ့ပါသဖြင့် စိုက်ပျိုးစရိတ်ချေးငွေကို နိုင်ငံတော်မှ တစ်နှစ်ဆိုင်းပေးခြင်းဖြင့်ကူညီပံ့ပိုးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို ကျွန်တော်လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်အနေနဲ့ ဥက္ကဋ္ဌကြီးကို တင်ပြရန်အချက် (၂)ချက်ရှိပါတယ်။ (၁)ချက်ကတော့ ဒီမေးခွန်းကို ကျွန်တော် အချိန်ကိုက်ကလေး မေးချင်တာပါ။ သို့သော်လည်းပဲ ကျွန်တော် နိုဝင်ဘာလမှာ မိုးရာသီ ကုန်သွားပြီးတော့ စပါးတွေရဲ့ အခြေအနေကို ဒီဇင်ဘာလမှာ ကွင်းဆင်းကြည့်တဲ့

အခါမှာ အခြေအနေမကောင်းမှန်းသိပါတယ်။ ဒါကြောင့် ဇန်နဝါရီမှာ ကျွန်တော်မေးခွန်းတင်ခဲ့ပေမယ့် ကျွန်တော်ဘက်က ချို့ယွင်းချက်အနေနဲ့ ကျွန်တော်တာဝန်နဲ့ ဒီမေးခွန်း မေးဖို့ အချိန်ကို မပေးနိုင်တဲ့ သဘော ရှိနေပါတယ်။ ဒါကြောင့် ခဏခဏ ရွှေ့ရင်းရွှေ့ရင်းနဲ့ ဒီ (၁၂)ကြိမ်မြောက်ရဲ့ ဒုတိယပိုင်းမှာ ကျွန်တော်လာမေးခွင့်ရတော့ ရာသီတော့ သိပ်မကိုက်တော့တဲ့ သဘောတော့ရှိပါတယ်။ ကျွန်တော် နဂို တုန်းကတော့ ရာသီကိုက်မေးတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ကျွန်တော့်မေးခွန်းမှာ နဂိုပါခဲ့တာက ဧရာဝတီတိုင်းဒေသကြီး မြောက် ပိုင်း မှာရှိတဲ့ ကျွန်တော်ရဲ့ မဲဆန္ဒနယ်အမှတ်(၆) ကြံခင်း၊ မြန်အောင်မြို့နယ်များဆိုပြီးတော့ ကျွန်တော် သုံးခဲ့ ပါတယ်။ ဒါပေမယ့် တကယ်လက်တွေ့မှာတော့ ကျွန်တော် ကိန်းဂဏန်း၊ Data ယူတဲ့အခါမှာ ယူတဲ့ ထုံးစံ က (၂၅)ရာခိုင်နှုန်းအောက်အထိ ပျက်စီးမှ ပျက်စီးတယ်လို့ သုံးသပ်တဲ့အတွက်ကြောင့် ကျွန်တော်က ကြံခင်းတစ်မြို့ကို ချန်ပြီးတော့ ကြံခင်းနဲ့ မြန်အောင်မြို့နယ်များ ဆိုတဲ့နေရာမှာ မြန်အောင်ကိုပဲ အဓိက ထားပြီး ဆွေးနွေးခွင့်ပြုပါလို့ ဥက္ကဋ္ဌကြီးအား တင်ပြပါတယ်။ မျက်မြင်ကတော့ ပျက်စီးပါတယ်။ သို့သော် လည်း သတ်မှတ်ချက်က အဲဒီလိုရှိတဲ့အတွက်ကြောင့်မို့လို့ မြန်အောင်နဲ့ ပတ်သက်လို့ ကျွန်တော်အဓိက ထားပါတယ်။ ကြံခင်းမှာ ကွန်ချောင်းတမံ ရှိပါတယ်။ ရေလှောင်တမံကြီး ရှိပါတယ်။ အလားတူ မြန်အောင် မှာ မမြဆည် ရှိပါတယ်။ မမြဆည်နဲ့ ကွန်ချောင်းဆည်နဲ့ ကွာတာက ကွန်ချောင်းဆည်က မြို့ရဲ့ မြောက် ဘက် အမြင့်မှာရှိပြီးတော့ မမြဆည်က ကျွန်တော်တို့ မြောက်ဘက်ကို ဦးတည်ရင်း ရေဦး-မုံရွာလမ်းမကြီး ရဲ့ ဘယ်ဘက်အခြမ်းအနိမ့်မှာ ရှိပါတယ်။ လယ်တွေက ဒီညာဘက်အခြမ်း အမြင့်မှာရှိပါတယ်။

ဒါကြောင့် ကွန်ချောင်းက ရေလွှတ်ရင် Gravity Flow နဲ့ လွယ်လွယ်ကူကူစီးပေမယ့် မမြဘက်က လွှတ်ရင် ကားလမ်းကို ကျော်ပြီး ဒီဘက်ကိုရောက်ဖို့ သိပ်ခက်ပါတယ်။ ဒါတစ်ချက်ပါ။ ဒုတိယအချက်က ဒီဘက်ခြမ်း၊ ညာဘက်အခြမ်းမှာရှိတဲ့ ဆည်မြောင်းဦးစီးဌာနရဲ့ စီစဉ်ထားချက်အရ မြစ်ရေတင် စီမံကိန်း အစီအစဉ် ရှိပါတယ်။ မြစ်ကျိုး၊ ကန်စွန်းခုံ၊ ငပိဆိပ်။ မြစ်ရေတင်စီမံကိန်းကြီး(၃)ခုရှိ ပါတယ်။ တစ်ချိန်တည်း ကျွန်တော်တင်ခဲ့ပါတယ်။ နောင်တစ်ချိန်မှာလည်း ဒီ ဆက်စပ်မေးခွန်းတစ်ခုရှိပါ သေးတယ်။ ဒီ (၃)ခုက မအောင်မြင်ပါဘူး။ မအောင်မြင်တော့ ဒီဘက်အခြမ်းက အမြင့်ပိုင်းမှာရှိတဲ့ လယ် တွေဟာ မိုးရေမရရင် အစားထိုးရေရဖို့အကြောင်း မရှိပါဘူး။ ဒါကြောင့် ကြံခင်းနဲ့ မြန်အောင်ကွာသွားတာ က ကြံခင်းသည် အဲဒီလို မိုးနည်းရေရှားဖြစ်သွားပြီးတော့ မအောင်ဘူးဆိုတဲ့အခါမှာ အောင်ရေကို (၃)ကြိမ် ကွန်ချောင်းဆည်က လွှတ်ပေးလိုက်ပါတယ်။ အဲဒီ (၃)ကြိမ်ရဲ့ ကယ်တင်ချက်အရ စောစောကလို တံဇဦ လွှတ်လောက်အောင် လုံးဝ ရိတ်စရာမလိုတဲ့ အဆင့်မရောက်ဘဲနဲ့ သူက စာရင်းမှာ လွတ်သွားခြင်း ဖြစ်ပါ ကြောင်း ဥက္ကဋ္ဌကြီးအား နံပါတ်(၁) လေးစားစွာ တင်ပြပါတယ်။

ဒုတိယပိုင်းဖြစ်တဲ့ မြန်အောင်ကတော့ (၂)ကြိမ် နစ်နာပါတယ်။ မိုးတွင်းတုန်းက ကျွန်တော် အဲဒီ အထဲမှာရှိတဲ့ ရေနုတ်မြောင်းကြီးပေါ့၊ ဟိုတုန်းကတော့ ကျွန်တော်တို့ ခေါ် A.R.D.C မြောင်းလို့ခေါ်ပါ တယ်။ A.R.D.C ဆိုရင် ဥက္ကဋ္ဌကြီး သိပါတယ်ခင်ဗျား။ ဘယ်လောက်ခေတ်ကြာသွားပြီလည်းဆိုတာ၊ မြေယာကျေးလက်တိုးတက်ဖွံ့ဖြိုးရေးကော်ပရေးရှင်းလို့ ခေါ်တဲ့ မြောင်းကြီးဖြစ်ပါတယ်။ အဲဒါကြီးက နှစ်ပေါင်းများစွာ မဆယ်ခဲ့တဲ့ အတွက်ကြောင့် ဒီ မြောင်းကြီးက မိုးတွင်းဆိုရင် ရေမနုတ်နိုင်ဘူး။ ဒါကြောင့် ကျွန်တော်တို့ မိုးရာသီတုန်းက ရေကြီးနှစ်မြုပ်မှုရှိပါတယ်။ အဲဒီနှစ်တုန်းက ဧကပေါင်း (၉၉၃၁)ဧက မြုပ် ပါတယ်။ ဒါပေမယ့် ပြန်ပေါ်တယ်။ ပြန်ပေါ်သော်လည်းပဲ ထိခိုက်သွားတာတော့ (၄၄၅၆)ဧကဆိုတာ

ရာခိုင်နှုန်း(၅၀) ပျက်စီးပါတယ်။ ဒါ တစ်ကြိမ် ဖြစ်ပါတယ်။ ပြီးတော့ ပြန်စိုက်ရပါတယ်။ အဲဒီမှာ မျိုးတစ်ခါ ဆုံးပါတယ်။

ဒုတိယအကြိမ်ကတော့ ကျွန်တော်တို့ နှောင်းမိုးပေါ့၊ နှောင်းမိုးဖြစ်တဲ့ နိုဝင်ဘာလမှာ ရွာရမယ့် မိုးဟာ ဘယ်လောက်တောင် နည်းသွားသလဲဆိုရင် နိုဝင်ဘာလရဲ့ မိုးရေချိန်မှတ်တမ်းအရ (၄)ရက်ပဲ ရွာပါတယ်။ နိုဝင်ဘာတစ်လလုံး၊ ကျွန်တော်တို့ မိုးရာသီထဲမှာ ရွာခဲ့တဲ့မိုးဟာ အောက်တိုဘာလကုန်အထိ အောင် (၃၁.၆၁)လက်မ ရွာခဲ့ပါတယ်။ ဒါပေမယ့် နိုဝင်ဘာတစ်လထဲမှာ (၄)ရက်ပဲရွာပြီးတော့ (.၃၉) လက်မဆိုတော့ လက်တစ်ဆစ်တောင် မရှိတဲ့ မိုးရေချိန်ပဲ ရခဲ့ပါတယ်။ ဒါကြောင့် အောင်ရေမရပါဘူး။ တစ်နှစ်လုံးရဲ့ မိုးရေချိန်ဟာ (၃၂)လက်မပဲ ရှိပါတယ်။ ဒါကြောင့် စပါးအမျိုးအစားဟာ ဧကပေါင်း (၁၁၈၇၇၉)ဧက စိုက်ခဲ့တဲ့ အထဲမှာ ကျွန်တော်တို့ အုပ်စုပေါင်း၊ ကျွန်တော်တို့ ကွင်းအနေနဲ့ ပြောမယ်ဆိုလို့ ရှိရင် မြန်အောင်မြို့နယ်မှာ ထိခိုက်တာ အားလုံးပေါင်း(၈၅၁၀)ဧက ထိခိုက်ပါတယ်။ ကျွန်တော်ပြောတဲ့ (၂၅)ရာခိုင်နှုန်းအောက် အထွက် အဲဒီလောက်ပဲ ရှိတာပါ။ အဲဒီအထဲမှာ ပျက်စီးသွား တာ (၂၇၃)ဧကရှိပါတယ်။ ဒါတွေဟာ ဌာနဆိုင်ရာ မှတ်တမ်းတွေပါ။ မြို့နယ်အုပ်ချုပ်ရေးကနေ အဆင့်ဆင့် တင်ပြတဲ့ မှတ်တမ်းတွေပါ။ (၂၇၃)ဧက လုံးဝပျက်စီးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဒါကို တံဇဉ်လွှတ်လို့ ခေါ်ပါတယ်။ လယ်သမားဟာ တံဇဉ်ကိုင်လိုက်စရာမလိုဘဲနဲ့ ဘာမှ အနှံကိုမထွက်လိုက် တဲ့ဟာ၊ ကျန်တဲ့ (၈၀၀၀)ကျော်ကလည်းပဲ ဒါ အင်မတန် ဖျင်းမှော်ပြီးတော့ သူတို့က ဒါမအောင်တဲ့ စပါး တွေ ဖြစ်ပါတယ်။

ဒါကြောင့် အဲဒီလိုဖြစ်တဲ့ အချိန်မှာ ကျွန်တော်ဆင်းသွားတဲ့ ဒီဇင်ဘာမှာ တောင်သူတွေ တော်တော်လေး အခြေအနေဆိုးနေတဲ့အချိန်ကြောင့် ကျွန်တော်က ဇန်နဝါရီမှာ ဒါလေးများမေးခဲ့ရင် စိုက်စရိတ်ပြန်ဆပ်ရမယ့် ဖေဖော်ဝါရီနဲ့ မတ်ထဲမှာ အချိန်မီမလားလို့ ကျွန်တော် ရည်ရွယ်ခဲ့ပေမယ့် ကျွန်တော်ဒါလေး မမီခဲ့တဲ့အကြောင်းဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးအားလေးစားစွာ တင်ပြပါတယ်။

ဒါကြောင့် ကျွန်တော်အနေနဲ့ အခုမေးရမှာတော့ ဘယ်လိုလုပ်ပေးမလဲလို့ မေးမယ့်အစား ဘယ်လိုများ စီစဉ်ပေးခဲ့သလဲဆိုတဲ့ မေးခွန်းကိုပဲ ပြောင်းလဲမေးခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မိတ္ထီလာခရိုင် မလှိုင်မြို့ ရှိ ဗဟိုစိုက်ပျိုးရေးခြံတွင် သီးနှံစိုက်ပျိုးရေး သုတေသနလုပ်ငန်းများနှင့် မျိုးစေ့၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ရဲမင်းထွေး က မိတ္ထီလာခရိုင် မလှိုင်မြို့ ရှိ ဗဟိုစိုက်ပျိုးရေးခြံတွင် သီးနှံစိုက်ပျိုးရေး သုတေသနလုပ်ငန်းများနှင့် မျိုးစေ့၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဗိုလ်မှူးရဲမင်းထွေး(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် ကော်မရှင်အဖွဲ့ဝင် ပညာရှင်များအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၅၁၀ ဗိုလ်မှူးရဲမင်းထွေး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မိတ္ထီလာခရိုင် မလှိုင်မြို့ရှိ ဗဟိုစိုက်ပျိုးရေးခြံမှာ သီးနှံစိုက်ပျိုးရေးသုတေသနလုပ်ငန်းများနဲ့ မျိုးစေ့ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးတဲ့ လုပ်ငန်းများအား ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

မလှိုင်ဗဟိုစိုက်ပျိုးရေးခြံဟာ မလှိုင်မြို့ရဲ့ အရှေ့ဘက် (၁)မိုင်ခန့်အကွာမှာ တည်ရှိပြီးတော့ လက်ရှိအချိန်မှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲလက်အောက်မှာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အကျယ်အဝန်း စုစုပေါင်းဧရိယာ(၂၇၃.၄၄)ဧက ရှိပြီးတော့ စိုက်ပျိုးနိုင်သော ဧရိယာမှာ (၂၂၅.၈၇)ဧကနှင့် မစိုက်ပျိုးနိုင်သော ဧရိယာ(၄၇.၅၇)ဧက ရှိပါတယ်။ အဓိက ဆောင်ရွက်ရတဲ့ လုပ်ငန်းများ အနေနဲ့ကတော့ (က) သီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်သော သုတေသနလုပ်ငန်းများ။ (ခ) မျိုးစေ့၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့ မလှိုင်မြို့ ဗဟိုစိုက်ပျိုးရေးခြံကို ၁၉၂၀ ခုနှစ်မှာ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန လက်အောက်မှာ စတင်တည်ထောင်ခဲ့ပြီးတော့ ၎င်းရဲ့ သက်တမ်း (၉၅)နှစ်တာ ကာလတစ်လျှောက်မှာ သီးနှံစိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် မျိုးစေ့၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့ အခြေအနေမှာ ရှိပါတယ်။

ဒီ အောင်မြင်မှုများ အနက်မှ အနည်းငယ်ထုတ်နုတ်တင်ပြရမယ်ဆိုလို့ရှိရင် ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်းမှာ စိုက်ပျိုးရေး(၁၀)လ သင်တန်းကျောင်းအနေနဲ့လည်း သင်တန်းသား(၃၀၀)ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်မှ ၁၉၉၁ ခုနှစ်ကာလများအတွင်းမှာလည်း ဝါစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ ဝါမျိုးမွေးမြူခြင်း၊ ဝါသားစပ်ခြင်းနဲ့ ဝါသုသေသနစိုက်ကွက်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဆောင်ရွက်ခဲ့ပြီး များစွာ အောင်မြင်မှု ရရှိခဲ့ပါတယ်။ အထွက်နှုန်းကောင်းမွန်ပြီးတော့ ရာသီဥတုနှင့် ရောဂါဒဏ်ခံနိုင်တဲ့ မလှိုင်(၅)၊ မလှိုင်(၆)၊ မလှိုင်(၈)၊ ချည်မျှင်တိုဝါအမျိုးအစားများနှင့် S.R.D ချည်မျှင်ရှည်ဝါ အမျိုးအစားများကိုလည်း မြန်မာနိုင်ငံအလယ်ပိုင်းမှာရှိတဲ့ ကျွန်တော်တို့ အပူပိုင်းဒေသများသို့ များစွာ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်မှ ယခုအချိန်ကာလများအတွင်းမှာလည်း ရေဆင်းစပ်မျိုးနေကြာ(၁) အမျိုးအစားအား စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီးတော့ မုံရွာခရိုင်၊ ကျောက်ပန်းတောင်းခရိုင်နှင့် ညောင်ဦးခရိုင်များသို့ ဖြန့်ဖြူးပေးလျက်ရှိနေပါတယ်။ ဒီရေဆင်းစပ်မျိုးနေကြာ(၁) အမျိုးအစားဟာလည်း အထွက်နှုန်း ကောင်းမွန်ပြီးတော့ စျေးကွက်တောင်းဆိုမှုလည်း ရှိနေတဲ့အတွက် စိုက်ပျိုးရောင်းချတဲ့ တောင်သူများအနေနဲ့ စီးပွားရေးတွက်ခြေကိုက်ပြီးတော့ ဝင်ငွေကောင်းလျက်ရှိကြောင်း ဝမ်းမြောက်ဖွယ်သိရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ လေ့လာကြည့်မယ်ဆိုလို့ရှိရင် ဗဟိုစိုက်ပျိုးရေးခြံများရဲ့ သီးနှံစိုက်ပျိုးရေး သုတေသနလုပ်ငန်းများနဲ့ မျိုးစေ့၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မယ်ဆိုလို့ရှိရင် စိုက်ပျိုးရေးနည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းနဲ့ အတူ တောင်သူလယ်သမားများအားလည်း နည်းပညာနဲ့ မျိုးစေ့၊ မျိုးကောင်းမျိုးသန့်များ ပိုမိုဖြန့်ဝေပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီ ရရှိလာမယ့် အကျိုးဆက်အနေနဲ့ကတော့ သီးနှံများ အရည်အသွေးနဲ့ အထွက်နှုန်း ပိုမိုကောင်းမွန်လာပြီးတော့ စိုက်ပျိုးသူ တောင်သူလယ်သမားများ အနေနဲ့လည်း ဝင်ငွေတိုးတက်ကာ ၎င်းတို့ရဲ့ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ဒေသအတွင်း သီးနှံရောင်းဝယ်မှုဈေးကွက် ပိုမိုဖွံ့ဖြိုးလာခြင်းများအပြင် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကိုလည်း တစ်စိတ်တစ်ပိုင်းအနေနဲ့ အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

မလှိုင်ဗဟိုစိုက်ပျိုးရေးခြံဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန လက်အောက်မှာရှိတဲ့ ဗဟို သုတေသနခြံ (၃၉)ခြံအနက် တစ်ခြံအပါအဝင်ဖြစ်ပါတယ်။ ဒီ မိုးရေကိုသာ အဓိကအားထားပြီး စိုက်ပျိုးရတဲ့ မိုးကောင်းသောက်ခြံတစ်ခုဖြစ်ပြီးတော့ ဒီ မလှိုင်မြို့နယ်ဟာလည်း တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မ အနည်းငယ်သာ ရွာသွန်းတဲ့ မိုးလိုမိုးခေါင်ဒေသတစ်ခု ဖြစ်နေတဲ့အတွက် ဒီ စိုက်ပျိုးရေးခြံရဲ့ စိုက်ဧက (၂၂၅.၈၇)ဧကကို ရာသီအချိန်မီ ကောင်းမွန်စွာ စိုက်ပျိုးပြီးတော့ မျိုးစေ့၊ မျိုးကောင်းမျိုးသန့်များ လုံလောက်စွာ ထုတ်လုပ်ပြီး တောင်သူလယ်သမားများ လက်ဝယ်သို့ ဖြန့်ဝေပေးနိုင်ရေးအတွက် အခက်အခဲများနှင့် လိုအပ်ချက်များ ရှိနေကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ လိုအပ်လျက်ရှိတဲ့ (က) မိုးခေါင်ချိန်တွင် သီးနှံစိုက်ခင်းများသို့ ဖြည့်စွက်ရေအား အချိန်မီဖြန့်ဝေပေးပို့နိုင်ရေးအတွက် လိုအပ်သော မြေအောက်ရေတွင်းနက်(၅)တွင်းနှင့် ဆက်စပ်ပစ္စည်းများ။ (ခ) မြေညှိစက်ပါရှိသော လယ်ထွန်စက်သစ်(၁)စီးနဲ့ မျိုးစေ့ချကိရိယာများ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနဲ့ ထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရေးအတွက် ခြံစိုက်ဧက ပတ်လမ်းများအား ရှင်းလင်းရန်အတွက် လယ်ထွန်စက်နှင့်တွဲသုံးရသော မြက်ဖြတ်စက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**စိုက်ပျိုးရေးကဏ္ဍတွင်မြေများငှားရမ်း လုပ်ကိုင်နေခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဒေါက်တာဝင်းမြင့်အောင်က စိုက်ပျိုးရေးကဏ္ဍတွင်မြေများငှားရမ်း လုပ်ကိုင်နေခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသ

ကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ ယခုမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ယခုအခါ ကျွန်တော်တို့ နိုင်ငံဟာ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်များ ပြောင်းလဲကျင့်သုံးခဲ့ပြီး တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုအခါ စိုက်ပျိုးရေးကဏ္ဍမှာ အိမ်နီးချင်းနိုင်ငံများမှ လုပ်ငန်းရှင်များက မြန်မာပြည်အနှံ့တွင် မြေများငှားရမ်းပြီးတော့ ဖရဲသီးကို အဓိကထားစိုက်ပျိုးနေကြကြောင်း တွေ့ရှိနေရပါတယ်။ စစ်ကိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင်လည်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြပါတယ်။ မြေပိုင်ရှင် တောင်သူလယ်သမားများက မြေငှားရမ်းခအဖြစ် တစ်သီးစိုက် ငါးလခန့်စိုက်ပျိုးခြင်းအတွက် (၂)သိန်းမှ(၃)သိန်း ရရှိကြောင်းသိရှိရပါတယ်။ တချို့မေးမြန်းတဲ့အခါမှာလည်း တစ်ချို့ (၁)သိန်းခွဲ (၂) သိန်းလောက်ပဲ ရတယ်လို့လည်း ဒါသိရှိရပါတယ်။ ကျွန်တော်တို့ ဒီ ကိုယ့်နိုင်ငံက လုပ်ကိုင်မယ့် ကျွန်တော်တို့ လုပ်ငန်းရှင်တွေ ငှားရမ်းတဲ့ အခါမှာတော့ ဒီထပ်ပိုပြီး ဈေးပေးရကြောင်းလည်း သိရှိရပါတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ငှားရမ်းလုပ်ကိုင်တဲ့အခါမှာ ငွေကို တစ်လုံးတစ်ခဲထဲ ပေးပြီးတော့ ကျွန်တော်တို့ ဒီ လုပ်ငန်းရှင်တွေကတော့ အရစ်ကျပေးတဲ့အတွက်လည်း ဒီလိုဈေးနှုန်းကွာခြားခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

တောင်သူများအနေနဲ့ မိမိတို့က အရင်းအနှီးလုပ်အား မစိုက်ထုတ်ကြရဘဲ အသားတင်ဝင်ငွေရရှိကြခြင်း၊ ပုံမှန်သီးနှံစိုက်ပျိုးရင်လည်း စိုက်ထုတ်ရငွေနဲ့ သီးနှံအထွက်က ယခုလောက်ရရှိရန် မသေချာခြင်းတို့ကြောင့် လွယ်လွယ်ငှားရမ်းနေကြခြင်း ဖြစ်ပါတယ်။ ထိုသို့ ငှားရမ်းခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေတာလည်း ဒါ သိရှိနေရပါတယ်။ ဒါပေမဲ့ ဒီလိုငှားရမ်းစိုက်ပျိုးပြီးတဲ့နောက်မှာ မူရင်းတောင်သူတွေက ဒါသူတို့သီးနှံတွေကို ပြန်လည်စိုက်ပျိုးတဲ့အခါမှာ မြေဆီလွှာတွေပြောင်းလဲပြီး စိုက်ပျိုးမရခြင်း၊ အပင်သာဖြစ်ပြီး အသီးမသီးခြင်းများဖြစ်နေကြောင်း သိရှိရပါတယ်။ ဒါဟာသူတို့က ဒီလိုစိုက်တဲ့အခါမှာလည်း ဒါဟာ ဒီတစ်နေရာတည်းမှာပဲ ဒါမှာ နှစ်နှစ်၊ သုံးနှစ် ငှားရမ်းစိုက်ပျိုးခြင်းမလုပ်ဘဲနဲ့ ဒီတစ်နှစ်မှာ ဒီတစ်နေရာမှာစိုက်ပြီး နောက်တစ်နှစ်မှာ တစ်ခြားတစ်နေရာပြောင်းလဲ စိုက်ပျိုးခြင်းဟာလည်း ဒါစဉ်းစားရမယ့် အချက်ဖြစ်ပါတယ်။ ဒါ့အပြင် ဒီလိုအလုပ်သမားတွေကို သူတို့ငှားရမ်း လုပ်ကိုင်တဲ့ ဈေးနှုန်းတွေအတိုင်း ကျွန်တော်တို့ ဒီတောင်သူတွေက ဒါငှားရမ်းလုပ်ကိုင်နိုင်တဲ့ အတွက်လည်း အလုပ်သမားရှားပါးခြင်းများ ဖြစ်ပေါ်နေကြောင်း သိရှိရပါတယ်။

ဒါ့အပြင် ဒါသူတို့ထွက်တဲ့ သီးနှံတွေကလည်း တစ်ဖက်နိုင်ငံက ကုန်သည်တွေနဲ့သာ သူတို့အချင်းချင်းချိတ်ဆက်ပြီးတော့ ဒါဝယ်ယူတဲ့အတွက် ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးတဲ့တောင်သူတွေ၊ လုပ်ငန်းရှင်တွေရဲ့ သီးနှံများဟာလည်းဈေးနှိမ်ပြီးတော့ဝယ်ယူခြင်းများကြောင့် ဒါအစစအရာရာ အရှုံးဘက်ကချည်းဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးချင်တဲ့မေးခွန်းကတော့ (က) ထိုကဲ့သို့ မြေများငှားရမ်းလုပ်ကိုင်ခြင်းကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်စေရန် အစီအစဉ်ရှိ/မရှိ (ခ)စိုက်ပျိုးရာတွင်လည်း မြေအနေအထားမပျက်စီးစေရန် စိုက်ပျိုးရေးဌာနက ၎င်းတို့ သုံးစွဲသော မျိုး၊ မြေသြဇာ၊ အာဟာရအားတိုးဆေး၊ ပိုးသတ်ဆေးများကိုစစ်ဆေးကြပ်မတ်ပေးရန် အစီအစဉ် ရှိ/မရှိ (ဂ) စိုက်ပျိုးရေးဌာနကလည်း တောင်သူများကို မြေငှားရမ်းခြင်း၏အကျိုးအပြစ်များကို ရှင်းလင်းခြင်း၊ အခြားသီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဝင်ငွေရော တိုင်းပြည်အတွက်ရော ကောင်းမွန်စေရေး၊ စိုက်ပျိုးရေး

နည်းပညာများ ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ တို့ကို ပြည်သူများနဲ့ နိုင်ငံရဲ့အကျိုးအတွက် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ အခုလို လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိုက်ပျိုးရေးအဓိကကျတဲ့ တောင်သူလယ်သမားတွေအတွက်မေးသွားတဲ့ ကျွန်တော်တို့ အရင်းအနှီးမျိုး၊ မြေယာကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်ကြီး(၃)ဦးကမေးမြန်းသွားတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီရဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေအခန်း ၆၊ အပိုဒ်(၃၀)အရ သဘာဝဘေးဒဏ်ကြောင့်သီးနှံပျက်စီးမှုဖြစ်ပြီး ပျက်စီးချိန်တွင် အချိန်နှင့်တပြေးညီတင်ပြပါက မြို့နယ်ဘဏ်ခွဲမှ ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်သည့်အတိုင်းအတာအထိ ပျက်စီးသည်ဆိုလျှင် ဒေသအာဏာပိုင်များ၏ အဆင့်ဆင့်သောထောက်ခံချက်များဖြင့် ချေးငွေးပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ (၂၀၁၄-၂၀၁၅)ဘဏ္ဍာရေးနှစ် ချေးငွေညွှန်ကြားစာ အပိုဒ် ၃(က)မှာ အချိန်စေ့ရောက်ပြီး နှစ်စဉ်ချေးငွေ၊ နှစ်တိုချေးငွေ၊ နှစ်ရှည်ချေးငွေများ၏ အရစ်ကျငွေ အရင်းအနှီးအတိုးများ ပြေကျေ ရမည်။ ချေးငွေမပြေကျေသူများအား ချေးငွေထုတ်ချေးခြင်းမပြုရဟု ဖော်ပြပါစည်းကမ်းချက်အတိုင်းကြွေးဟောင်းမပြေကျေပါက ကြွေးသစ်လည်းရရှိနိုင်မည်မဟုတ်ပါ။

ချေးငွေအသစ်မရရှိသဖြင့် နောက်ထပ်ရာသီအတွက် စိုက်ပျိုးရန်ငွေကြေးအရင်းအနှီး အခက်အခဲနှင့်လည်း ကြုံတွေ့မှာဖြစ်ပါတယ်။ သို့သော် အမှန်တကယ်ပျက်စီးမှုအပေါ် ရပ်ကွက်ကျေးရွာအုပ်စု မြို့နယ်အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က စိစစ်ထောက်ခံ တင်ပြလာပါက ချေးငွေပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်သော်လည်းပဲ တောင်သူကိုထုတ်ပေးသော ချေးငွေများဟာ မြန်မာ့စီးပွားရေးဘဏ်မှ အတိုးဖြင့်ရယူသောငွေများဖြစ်၍ တောင်သူလယ်သမားများဟာ ချေးငွေပေးဆပ်သည့်နေ့အထိ ဘဏ်ကသတ်မှတ်ထားသည့် အတိုးနှင့် ဒဏ်တိုးများပေးဆောင်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဆက်လက်ပြီးတော့ ကျွန်တော်တို့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲမင်းထွေးရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန လက်အောက်မှာရှိတဲ့ မလိုင်စိုက်ပျိုးရေးခြံဟာ မိုးလွန်မိုးခေါင်ဒေသတွေမှာ တည်ရှိပြီး သဘာဝမိုးရေကိုသာ အဓိကထားပြီးစိုက်ပျိုးရတဲ့ မိုးကောင်း သောက်ခြံတစ်ခြံဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း မလိုင်ဗဟိုစိုက်ပျိုးရေးခြံ စိုက်ပျိုးရေရရှိရေးအတွက် ခြံနဲ့(၂)မိုင်ခန့်ဝေးကွာတဲ့ ကုန်းတဲဆည်မှ စိုက်ပျိုးရေရယူရန် ဆောင်ရွက်ခဲ့ရာမှာ ဗဟိုခြံဟာ ကုန်းတဲဆည် ထက်ပို၍မြင့်သောနေရာမှာ တည်ရှိတာကြောင့် ရေရရှိဆောင်ရွက်ရန် ခက်ခဲပါသဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ မလိုင်ခြံအတွင်း သီးနှံများစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး သုတေသနလုပ်ငန်းများနဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို မိုးရွာသွန်းချိန်မှာ အချိန်မီစိုက်ပျိုးထုတ်လုပ်ရပါတယ်။

သီးနှံများဖြစ်ထွန်းနေချိန် သီးနှံပင်အတွက် လုံလောက်တဲ့ မိုးရေရရှိမှသာ လုပ်ငန်းများအောင်မြင်ပြီး ဒေသအတွက် မျိုးကောင်းမျိုးသန့်များကိုဖြန့်ဖြူးနိုင်ခဲ့တာဖြစ်ပါတယ်။ မလိုင်ဗဟိုခြံဟာ လက်ရှိအခြေအနေမှာ အဝီစိတွင်း(၄)တွင်းနဲ့ လက်ငင်တွင်းတစ်တွင်းရှိရာမှာ(၂၄၀)ပေ အနက်ရှိတဲ့ (၆) လက်မ အဝီစိတွင်းတစ်တွင်းနဲ့ (၁၄၀)ပေအနက်ရှိတဲ့ (၄) လက်မ တစ်တွင်းမှာ မလိုင်ဗဟိုခြံ ဝန်ထမ်းမိသားစုများ သောက်သုံးရေနဲ့ သီးနှံစိုက်ခင်းများအတွက် တစ်ရက်လျှင်(၀.၂၀)ဧကခန့်သာ ရေပေးသွင်းနိုင်ခဲ့ပါတယ်။ ကျန်အဝီစိတွင်းနှစ်တွင်းမှာ ဆိုဒီယမ်ဓါတ် များစွာပါဝင်မှုကြောင့် စိုက်ပျိုးရေအတွက် အသုံးမပြုနိုင်ခဲ့ပါ။ လက်ငင်တွင်းတစ်တွင်းမှာ မော်တာတပ်ဆင်၍ ခြံရဲ့စိမ်းလန်းစိုပြေရေးနဲ့ တစ်နိုင်တစ်ပိုင် သီးနှံခင်းများ ရေပေးသွင်းခြင်းအတွက် အသုံးပြုလျက်ရှိပါတယ်။ ထို့ပြင် အကျယ်အဝန်း (၀.၆) ဧက အနက် (၉) ပေရှိရေကန်တစ်ကန်မှာ ယခင်က ဝန်ထမ်းများသောက်သုံးရေအဖြစ် အသုံးပြုခဲ့ပြီး ယခုအခါ မိုးရွာသွန်းမှု နည်းပါးတာကြောင့် ရေခန်းခြောက်လျက်ရှိပါတယ်။

အဆိုပါရေကန်ကိုတော့ (၂၀၁၅-၂၀၁၆)ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးချိန်အမီ ပြန်လည်တူးဖော်ပေးသွားမှာဖြစ်ပါတယ်။ မလိုင်ဗဟို ခြံအတွင်းမှာရှိတဲ့ စိုက်ခင်းများသို့ ဖြည့်စွက်ရေအချိန်မီ ပေးဝေနိုင်ရေးအတွက် မြေအောက်ရေတွင်းများမှ ရေရဲ့အရည်အသွေးကိုစစ်ဆေးတဲ့အခါမှာ စိုက်ပျိုးရေအဖြစ်အသုံးပြုရန် မသင့်လျော်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ မလိုင်ဗဟိုခြံအတွင်း မျိုးစေ့ချကိရိယာတစ်ခုကို(၃၁-၃-၂၀၁၅)ရက်နေ့မှာ ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်(၂၀၁၅-၂၀၁၆)ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ဧကကွက်ဖော်ထုတ်ခြင်း၊ မြေညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး လယ်ယာသုံး စက်ကိရိယာများ ပံ့ပိုးနိုင်ရန်အတွက် အမှန်လိုအပ်တဲ့ ရန်ပုံငွေ(၂၀၁၅-၂၀၁၆)ခုနှစ်မှာ မရရှိခဲ့ပါသဖြင့် နောင်နှစ်များမှာ ဆက်လက် တင်ပြပြီးတော့ ထွန်စက်များကိုဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး တတိယမေးခွန်းဖြစ်တဲ့ ဒေါက်တာဝင်းမြင့်အောင်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ဒေါက်တာဝင်းမြင့်အောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်ကတော့ မြန်မာနိုင်ငံမှာ စိုက်ပျိုးထွက်ရှိတဲ့ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်များကို နယ်စပ်ကုန်သွယ်ရေး နည်းလမ်းမျိုးစုံဖြင့် ပြည်ပသို့တင်ပို့လျက်ရှိရာမှာ (၂၀၁၀-၂၀၁၁)ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ (၅၄.

၈၉)သန်းဖိုးတင်ပို့နိုင်ခဲ့ရာမှ (၂၀၁၁-၂၀၁၂)ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ(၆၉.၇၂၉)သန်း အထိ လည်းကောင်း၊ (၂၀၁၂-၂၀၁၃)ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ (၇၅.၂၆၇)သန်းအထိ လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ(၉၆.၀၅)သန်းအထိလည်းကောင်း အသီးသီး တိုးတက်တင်ပို့နိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်ထိ အမေရိကန်ဒေါ်လာ (၉၁.၀၈)သန်းတင်ပို့ထားပြီးဖြစ်ကြောင်းဖော်ပြထားပါတယ်။

အထူးသဖြင့် သရက်၊ ဖရဲနဲ့ သခွားမွှေးတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးလာသကဲ့သို့ ပြင်ပတင်ပို့မှုမှာလည်းပဲ အခြားသစ်သီးဝလံများထက် အဆပေါင်းများစွာပိုမိုတင်ပို့လျက်ရှိပါတယ်။ သစ်သီးဝလံများမှာ ပြင်ပသို့တင်ပို့ခြင်းမှာ တစ်နှစ်ထက်တစ်နှစ် ဝင်ငွေပိုမိုရရှိတဲ့အပြင် မြန်မာ့သစ်သီးဝလံများရဲ့ဈေးနှုန်းများလည်းပိုမိုတိုးတက်ရရှိလာခဲ့တာဖြစ်ပါတယ်။ အလားတူ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက်နေ့တွင်ပြဋ္ဌာန်းတဲ့ ရပ်ကွက်(သို့)ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ(ပ)၌ ရပ်ကွက်(သို့)ကျေးရွာအုပ်ချုပ်ရေးမှူးများဟာ နိုင်ငံပိုင် မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်းမြေ၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင် ထင်းစိုက်ခင်း မြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေ စတာမှာ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ခြင်း၊ အိမ်စုအသစ်ဆောက်ခြင်း၊ ရပ်ကွက်ကျေးရွာအသစ်ဖွဲ့စည်းခြင်း၊ နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်းကိုတားမြစ်ခြင်း မလိုက်နာပါကအရေးယူရန်အကြောင်းကြားချက်များကို ဆောင်ရွက်ရန်တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။

အဆိုပါဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဘ)အရ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများဟာ တည်ဆဲဥပဒေတစ်ရပ်ရပ်က အပ်နှင်းထားသောလုပ်ပိုင်ခွင့်အရ လယ်ယာမြေစီမံခန့်ခွဲနိုင်ကြောင်း ပြဋ္ဌာန်း ထားရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၁၆-၁၀-၂၀၁၂)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် တိုင်းဒေသကြီး ပြည်နယ်အုပ်ချုပ်ရေးမှူးများဟာ တိုင်းဒေသကြီးပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှာ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ရပ်ကွက်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးများအား သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ပေးအပ်ထားရှိပါတယ်။

ထို့အပြင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ ဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ကြေးတိုင် မြေစာရင်းဦးစီးဌာနရဲ့ ဖြေကြားချက်မှာတော့ ၂၀၁၂ ခုနှစ်မှာပြဋ္ဌာန်းထားခဲ့တဲ့ လယ်ယာမြေနည်းဥပဒေ ၄၇ မှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားရှိပါတယ်။ နည်းဥပဒေ ၄၇ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ငှားရမ်းခြင်းပြုလုပ်ရာမှာ (က)ငှားရမ်းခြင်းပြုသောလယ်ယာမြေများကို စိုက်ပျိုးရေးလုပ်ငန်းအတွက်သာ အသုံးပြုရမည်။ (ခ) ငှားရမ်းသူနှင့် ငှားရမ်းသူတို့သည် လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာ ရပ်ကွက်(သို့)ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်၌ တံဆိပ်ခေါင်းခွန်ထမ်းဆောင်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ငှားရမ်းသည့်စာချုပ်ကိုချုပ်ဆိုရမည်။

(ဂ)နည်းဥပဒေခွဲ(ခ)အရ ချုပ်ဆိုသောစာချုပ်၌ ငှားရမ်းသည့်ကာလကိုသတ်မှတ်ဖော်ပြရမည်။ (ဃ)နည်းဥပဒေခွဲ(ခ)အရချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း(၁၂၀)အတွင်း

သက် ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။ လယ်ယာမြေနည်းဥပဒေ ၄၇ ပါပြဋ္ဌာန်းချက်များနဲ့အညီ မြေများငှားရမ်းလုပ်ကိုင်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း ဈေးကွက်ဝင်တဲ့သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိတာနဲ့အညီ တောင်သူများ အသုံးပြုနေတဲ့ စိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများဖြစ်တဲ့ မျိုး၊ ဓါတ်မြေဩဇာ၊ သဘာဝမြေဩဇာနဲ့ ပိုးသတ်ဆေးများရဲ့ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီမှန်ကန်ရေးအတွက် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ မြို့နယ်ပေါင်း(၂၆၇)မြို့နယ်က ဆိုင်ပေါင်း (၁၆၇၈) ဆိုင်ကို စစ်ဆေးဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဖေဖော်ဝါရီ လကုန်အထိ ဆိုင်ပေါင်း (၁၇၆၁)ဆိုင်ကို စစ်ဆေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် သီးနှံစိုက်ပျိုးမြေများမှာ မြေဆီလွှာမပျက်စီးရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ မြေဩဇာထက်သန်စေရေးအတွက် သဘာဝမြေဩဇာများအသုံးပြုရေး၊ ဓါတ်မြေဩဇာများလွန်ကဲစွာအသုံးမပြုစေရေး၊ စပါးအပါအဝင် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ရေးနဲ့ ကိုက်ညီတဲ့သီးနှံများ မျိုးပြောင်းလဲရေး ခေတ်မီစိုက်ပျိုး နည်းပညာများကိုသီးနှံအလိုက်၊ ရာသီအချိန်အလိုက် စံပြကွက်၊ စမ်းသပ်ကွက်များ စိုက်ပျိုးပြသခြင်း နည်းပညာပေးသင်တန်းများပြုလုပ်ခြင်း တောင်သူပညာပေး ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ကွင်းပြပွဲများပြုလုပ်ခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ဖြူးခြင်း၊ မြန်မာ့ရုပ်မြင်သံကြား တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်းနဲ့ Sky Net ရုပ်သံလိုင်းတို့က နေပြီးတော့ ခေတ်မီစိုက်ပျိုးနည်းပညာများကို ထုတ်လွှင့်ပေးခြင်းနည်းလမ်းများဖြင့် တောင်သူများကို ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။

မြေပြင်ကွင်းဆင်း လေ့လာစာရင်းစစ်ချက်များအရ အိမ်နီးချင်းနိုင်ငံများက လုပ်ငန်းရှင်များဟာ ပြည်တွင်းတောင်သူများထံမှ စိုက်ပျိုးမြေများကို တစ်ရာသီအတွက်ကျပ်(၂)သိန်းနှုန်းဖြင့် ငှားရမ်းပြီး ဖရဲသီးနှံကို သိပ္ပံနည်းကျစိုက်ပျိုးခြင်း၊ သွင်းအားစုများကိုထည့်သွင်းကြခြင်းကြောင့် သီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းများကို ရရှိကြပြီး မြေပိုင်ရှင်တောင်သူများကလည်း ရာသီသီးနှံများကိုစိုက်ပျိုးသည့်အခါမှာ ဓါတ်မြေဩဇာအပေါ် ထပ်မံသုံးစွဲသူများအနေနဲ့ကျတော့ သီးနှံအရည်အသွေးကျဆင်းပြီး မြေဆီလွှာများ ပျက်စီးကြုံတွေ့နေရကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် အဲဒီလို နေရာတွေမှာဆိုရင် သဘာဝမြေဩဇာကိုပိုမိုသုံးစွဲဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနကလည်း ဆက်လက်ပညာပေး ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးကဏ္ဍမှာ မြေများငှားရမ်းလုပ်ကိုင်နေမှုကို အတည်ပြုပြဋ္ဌာန်းပြီးသော လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းခွင့်ပြုချက်များအရသာလျှင် ဆောင်ရွက်နိုင်ပါကြောင်းနဲ့ အုပ်ချုပ်ရေးတစ်ဦးရဲ့ ခွင့်ပြုချက်ဖြင့်လုပ်ကိုင်စေရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၆-၃-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာတဲ့ ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်(၆)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အဆိုပြုပြဌာန်းချက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ဇယားတို့အပေါ်မှာ လွှတ်တော်သို့ ဆွေးနွေးတင်ပြရန် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေး ဥပဒေဟာ မိဘပြည်သူတွေအားလုံး ကျောင်းသား

ကျောင်းသူများအားလုံး စိတ်ဝင်တစား အာရုံစိုက်နေကြတဲ့ ဥပဒေလည်းဖြစ်ပါတယ်။ လက်ရှိပကတိ အခြေအနေတွေကို မှန်မှန်ကန်ကန်သုံးသပ်ပြီး ဥပဒေတစ်ခု ပြဋ္ဌာန်းပြီးသွားရင် ပြည်သူတွေ လိုက်နာနိုင်ဖို့ သင့်တော် မှန်ကန်ပြီး ကောင်းမွန်ဖို့လိုအပ်ပါတယ်။ လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်တဲ့ အခါမှာလည်း ဥပဒေပါ အခွင့်အရေးတွေကို အပြည့်အဝ ရရှိနိုင်ဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ လက်တွေ့ အကောင်အထည်ဖော်တဲ့အခါမှာ အောင်မြင်စွာနဲ့ ထိရောက်မှန်ကန်စွာ အကောင်အထည် ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ အဖွဲ့အစည်းစွဲ ကင်းစွာနဲ့ နိုင်ငံအတွင်းမှာရှိတဲ့ အနာဂတ် ကလေးငယ် ကျောင်းသားကျောင်းသူများရဲ့အကျိုး၊ ပြည်သူပြည်သားများရဲ့အကျိုး၊ တိုင်းပြည် အကျိုးစီးပွားကို ရည်မျှော်ပြီး တင်ပြဆွေးနွေးလိုတာ ဖြစ်ပါတယ်။

ပထမဦးစွာ စာမျက်နှာ(၃)၊ အမှတ်စဉ်(၉)၊ အပိုဒ်(၇)မှာပါတဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြု ချက်ဖြစ်တဲ့ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ယ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ (ယ) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီ ဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်း များ၊ ပညာရေး အမျိုးအစားများနှင့် ပညာရေးအဆင့် အသီးသီး၏ အရည်အသွေး အာမခံမှုကို အကဲဖြတ် ဆောင်ရွက်ရန် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည် ဟု အတည်ပြုပြဋ္ဌာန်းသင့်ပါတယ်။

ထပ်မံပြီးတော့ စာမျက်နှာ(၄)၊ အမှတ်စဉ်(၁၂)၊ အပိုဒ်(၁၀)မှာ ပြည်သူ့လွှတ်တော်ရဲ့ အတည် ပြုချက်ဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) ကို အောက်ပါအတိုင်း အစားထိုးရမည်။ (ဠ) တက္ကသိုလ်ကောင်စီ ဆိုသည်မှာ သက်ဆိုင်ရာ တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ၎င်းတို့နှင့် အဆင့်တူသောပုဂ္ဂိုလ်များ မဟာ ဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာများက ရွေးချယ်သော ကိုယ်စားလှယ်များ၊ ကျောင်းသားများက ရွေးချယ်သော ကိုယ်စားလှယ်များ၊ အများယုံကြည်လေးစားသည့်ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များ အပါအဝင် သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည် ဟု ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး စာမျက်နှာ(၄)၊ အမှတ်စဉ်(၁၄)၊ အပိုဒ်(၁၂) မှာလည်း ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)၏နောက်တွင် ပုဒ်မခွဲ(ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။ (ဇ) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာ သင်ယူခွင့်ကို နိုင်ငံသားတိုင်းခံစားရရှိစေရန်ဟု အတည်ပြုပြီး အမျိုးသားလွှတ်တော်မှ အတည်ပြုထား သည့် အပိုဒ်(၁၀) ပုဒ်မခွဲ(ဈ) မှာ ပုဒ်မ ၅၈၊ ပုဒ်မခွဲ(ခ) တွင်ပါရှိပြီး ဖြစ်တဲ့အတွက် ပယ်ဖျက်သင့်ပါကြောင်း ဆွေးနွေးတင်ပြ လိုပါတယ်။

ထပ်မံပြီး စာမျက်နှာ(၇)၊ အမှတ်စဉ်(၂၄)၊ အပိုဒ်(၁၇) မှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြု ချက်ဖြစ်တဲ့ တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် (ဋ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင် ရွေးချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းစာမေးပွဲ ရမှတ်ဖြင့်သာ စိစစ်ဆုံးဖြတ်ရွေးချယ်ခြင်း မဟုတ်ဘဲ လက်ခံမည့်

တက္ကသိုလ်၏ လိုအပ်ချက်အရ စိစစ်ရွေးချယ်သည့်စနစ် ထားရှိရေး ဟု အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး စာမျက်နှာ(၈)၊ အမှတ်စဥ်(၂၅)၊ အပိုဒ်(၁၈)မှာပါတဲ့ အဆိုပြုပြဋ္ဌာန်းချက် အမျိုးသားလွှတ်တော် အတည်ပြုချက်၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကိုလည်း ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့အတိုင်း ကျောင်းများတွင် ဘာသာရေးနဲ့ နိုင်ငံရေးအဖွဲ့အစည်းများ၏ စွက်ဖက်မှုမှ ကင်းလွတ်စေရေးဟု အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ နောက်တစ်ခုကတော့ စာမျက်နှာ(၈)၊ အမှတ်စဥ်(၂၆) အပိုဒ်(၁၉)မှာပါတဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြု ချက်ဖြစ်တဲ့ အခမဲ့မသင်မနေရ အခြေခံပညာမူလတန်းအဆင့် ပညာရေးကို ဦးတည်အကောင်အထည် ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး ဟု အတည်ပြု ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးတင်ပြလို ပါတယ်။

ဆက်လက်ပြီး စာမျက်နှာ(၈)၊ အမှတ်စဥ်(၂၉) ရဲ့ အသစ်ဖြည့်စွက်ချက်မှာလည်း ဒီတိုင်းပါပဲ အဆိုပြုပြဋ္ဌာန်းချက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေ၏ အခန်း(၄)ကို အောက်ပါအတိုင်း အစားထိုးရမည်။ အခန်း(၄) အမျိုးသားပညာရေး မူဝါဒကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ၅(က) အစိုးရအဖွဲ့သည် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် ဟု ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြလိုပါတယ်။ နောက်ဆက်တွဲ ၅(က)ရဲ့ အောက်မှာပါတဲ့ နံပါတ်(၁)(၂)(၃)(၄) ဖြစ်တဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆောင်ရွက်သင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ (၁)ဖြစ်တဲ့ အစိုးရအဖွဲ့က ရွေးချယ်အတည်ပြုသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သောပညာရှင်(၂)ဦး၊ (၂) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင်(၁)ဦး၊ (၃) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင်(၁)ဦး၊ (၄) ဝန်ကြီးဌာန၏ ကိုယ်စားလှယ် (၂)ဦးဆိုပြီး အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

နောက် အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ အချက် (၅)နဲ့(၆)ကိုတော့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပယ်ဖျက်သင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ (၇)(၈)(၉)(၁၀) ကို (၇) အခြေခံပညာရေးကဏ္ဍမှ ပညာရှင်(၂)ဦး၊ (၈) အဆင့်မြင့် ပညာရေးကဏ္ဍမှ ပညာရှင် (၅)ဦး၊ နည်းပညာနှင့် အသက်မွေးပညာရေးကဏ္ဍမှ ပညာရှင်(၂)ဦး၊ (၁၀) ဆရာအတတ်သင်ပညာရေးကဏ္ဍမှ ပညာရှင် (၂)ဦးဟု အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ အချက်(၁၁)(၁၂)(၁၃) ဖြစ်တဲ့ အမျိုးသားလွှတ်တော် ၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ပါကြောင်း (၁၁) ဖြစ်တဲ့ လူတိုင်းအကျုံးဝင် ပညာရေးကဏ္ဍမှ ပညာရှင်(၁)ဦး၊ (၁၂) သင်ရိုးညွှန်းတမ်း ပညာရှင် (၂)ဦး၊ (၁၃) ဥပဒေ ပညာရှင်(၁)ဦး တို့အား ပါဝင်စေရန် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဆက်လက်ပြီးတော့ စာမျက်နှာ(၁၉)၊ အမှတ်စဥ်(၄၅)၊ အပိုဒ်(၂၄)မှာပါတဲ့ အဆိုပြုပြဋ္ဌာန်းချက်၊ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ အမျိုးသားလွှတ်တော်မှ အတည်ပြုထားသော အမျိုးသားပညာရေးဥပဒေ

ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် ဆိုတာကို ပယ်ဖျက်ရန်နှင့် မူလတည်ဆဲ ပုဒ်မ ၁၇ ဖြစ်တဲ့ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရမည် ဟု အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ် ခင်ဗျား။

နောက်အချက်တစ်ခုဖြစ်တဲ့ စာမျက်နှာ(၂၀)၊ အမှတ်စဥ်(၄၆)၊ အပိုဒ်(၂၅) ကိုလည်း မူလတည်ဆဲဥပဒေ ပုဒ်မ ၁၉ ဖြစ်တဲ့ အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည် ဟု အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ် ခင်ဗျား။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ထပ်မံပြီးတော့ တင်ပြဆွေးနွေးလိုတာက စာမျက်နှာ ၂၂ အမှတ်စဥ် ၅၄ အပိုဒ် ၃၄ ရဲ့ အသစ်ဖြည့်စွက်ချက်မှာပါတဲ့ ပုဒ်မ ၂၈ မှာ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့်ကျောင်းများသည် (က) သုတေသနနှင့် ပညာရေးဖွံ့ဖြိုးမှုကို ဦးစားပေး ဆောင်ရွက်ရမည်ဆိုတဲ့ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)ရဲ့ တည်ဆဲဥပဒေအတိုင်း ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ပုဒ်မ ၂၈(ခ) ကို အသစ်ဖြည့်စွက်ချက်အနေနဲ့ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုဖြင့် ရပ်တည်ရေးနှင့် သင်ယူလိုသူ၏ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာ တက္ကသိုလ်၏ ပဋိညာဥ်စာတမ်းနှင့်အညီ သတ်မှတ်ထားသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးရမည်ဟု အတည်ပြု ပြဋ္ဌာန်းသင့်ပြီး ပုဒ်မ ၂၈ ရဲ့ ကျန်တဲ့အချက်များ ဖြစ်တဲ့ တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်ကောင်စီက တာဝန်ယူဆောင်ရွက်ရမည်။ (ဂ) အဆင့်မြင့်ပညာကျောင်းများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို လွတ်လပ်စွာစီမံခန့်ခွဲခွင့် ရှိရမည်ဆိုတဲ့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်ခင်ဗျား။ နောက်တစ်ခုကတော့ စာမျက်နှာ(၂၄)၊ အမှတ်စဥ်(၆၂) မှာပါတဲ့ ပုဒ်မ ၃၇(က)နဲ့(ခ) ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်သော ပုဒ်မ ၃၇(က) မသန်စွမ်းသူများအတွက် ပညာသင်ကြားသည့်အဆင့်တိုင်းတွင် တန်းတူပညာသင်ကြားရေး အထောက်အကူပြုကိရိယာများ ရရှိရေး၊ သင့်တော်သော သင်ကြားနည်းစနစ်များ စီစဥ်နိုင်ရေးနှင့် အတားအဆီးမရှိသော ကျောင်းပတ်ဝန်းကျင် ဖန်တီးနိုင်ရေးတို့ကို စီမံကိန်းရေးဆွဲဆောင်ရွက်ရမည်။ ပုဒ်မ ၃၇(ခ) အဖြစ် အထူးပညာရေးအစီအစဥ်ဖြင့် သင်ကြားပေးသော ကျောင်းများ တည်ထောင်နိုင်ရန် စီစဥ်ပေးရမည်။ ပုဂ္ဂလိက လူမှုရေးအဖွဲ့အစည်းနှင့် မသန်စွမ်းအသင်းအဖွဲ့များက ယင်းကျောင်းများ ဖွင့်လှစ်လိုကြောင်း တင်ပြလာလျှင် ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည် ဆိုတဲ့အချက်ကို အတည်ပြု ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်ခင်ဗျား။

နောက်ဆုံး အချက်တစ်ခုအနေနဲ့ စာမျက်နှာ(၂၄)၊ အမှတ်စဥ်(၆၄)မှာ ပါဝင်တဲ့ အဆိုပြုပြဋ္ဌာန်းချက်၊ အမျိုးသားလွှတ်တော် အတည်ပြုချက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်။ ပုဒ်မ ၃၈ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် (က) ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့ မသင်မနေရ မူလတန်းပညာရေး ပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဥ်ပေးရမည်။ ပုဒ်မ ၃၈(ခ) ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော နယ်မြေအေးချမ်းမှုမရှိသော လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဥ်ပေးရမည်ဆိုတဲ့ မူလဥပဒေ ၃၈ ကို တည်ဆဲဥပဒေပုဒ်မ ၃၈ အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်

ပါကြောင်း တင်ပြဆွေးနွေးရင်းနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်လူကြီးမင်းများကို ကျေးဇူးတင်ရှိပါကြောင်း တင်ပြဆွေးနွေးလိုပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၉။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အပေါ် ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ဒီလို ဆွေးနွေးတင်ပြတဲ့ အခါမှာ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၄၃ အမျိုးသားလွှတ်တော်က ပုဒ်မခွဲ(ဆ) အဖြစ် အတည်ပြုချက်၊ နောက်တစ်ခါ ပုဒ်မ ၆၀ အမျိုးသားလွှတ်တော်ရဲ့ အတည် ပြုချက်အတိုင်း အတည်ပြုသင့်ပြီးတော့ ကျန်တဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဦးစွာ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)မှာ မူလပြဋ္ဌာန်း ချက်မှာ အမျိုးသားပညာရေး ဆိုသည်မှာ နိုင်ငံတော် ရှိ တိုင်းရင်းသား အားလုံး ဘာသာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်ပြီး လွတ်လပ်စွာ တွေးခေါ်၍ အကျင့်စာရိတ္တ ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ် များကို ပြုစုပျိုးထောင်ရေးနဲ့ ခေတ်စနစ်၏ လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး၊ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်လို့ မူလအဆိုပြုထားပါတယ်။ ဒီအပေါ်မှာ အမျိုးသားလွှတ်တော်က အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပြီး ဖြစ်ပါတယ်။

အဲဒါကို ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ပြီးမှ အတည်ပြုထားတာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို လေ့လာကြည့်မယ်ဆိုရင် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ ဆိုတဲ့ စကားလုံး ပါလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဘက်စုံ အတွေးအခေါ် အယူအဆ ဆိုတဲ့ဟာသည် အဓိပ္ပာယ် ဖွင့်ဆိုမယ်ဆိုရင်တော့ များစွာ ကျယ်ပြန့်နိုင်တဲ့ သဘောရှိပါတယ်။ ဘက်စုံဆိုတဲ့ အတွေးအခေါ်ကို ရရှိဖို့ရန် နောက်တစ်ခါ ဘက်စုံဆိုတဲ့ ပညာကို တတ်မြောက်ဖို့ရန်ဆိုတာ တကယ်ကို ခက်ခဲပါတယ်။ အရင်တုန်းက ကျွန်တော်တို့ တိုင်းတွေမှာ ဘက်စုံပညာစသဖြင့် အမြဲတမ်း သင်တန်းကျောင်းတွေမှာ သုံးနှုန်းခဲ့ပါတယ်။ ကျောင်းသားတွေကို ဘက်စုံပညာတတ်ဖို့အတွက် သင်ကြားပေးပြီဆိုရင်တော့ ရည်မှန်းချက်တွေ ထားခဲ့ ပါတယ်။ တကယ့်တကယ်ကျတော့ ဘက်စုံပညာကို တတ်အောင် သင်ကြားပေးဖို့ဆိုတာ အင်မတန်ခက်ခဲ ပါတယ်။ကိုယ် ဝါသနာပါရာအလျောက် ရွေးချယ်ပြီးမှ လိုက်စားတာသည် ကျွမ်းကျင်တဲ့အဆင့်ကို ရောက်ရှိနိုင်ပါတယ်။ ဘက်စုံပညာကို လိုက်ရင်းနဲ့ ဟိုမရောက် ဒီမရောက်နဲ့ ဟိုတစ်စဒီတစ်စနဲ့ နောက်ဆုံးကျတော့ တတ်ကျွမ်းတဲ့ အဆင့်ထိ မရောက်နိုင်တဲ့ဟာ အများကြီး သာဓက တွေ့ရှိရပါတယ်။ ဒါကြောင့် ပုဒ်မ ၂(ဆ) မူလ အမျိုးသားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြအပ်ပါတယ်။

နောက်တစ်ခုကျတော့ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၃ မှာ အမျိုးသားလွှတ်တော်က ပုဒ်မခွဲ(ဆ)အဖြစ် ဖြည့်စွက်ပြီးမှ အတည်ပြုထားတာ ဖြစ်ပါတယ်။ အဲဒါကတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်တိုင်းရင်းသား စာပေနဲ့ ဘာသာစကား သင်ကြားမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှ စတင်အကောင်အထည် ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်သည် လို့ ဒါ အတည်ပြုထားပြီး ဒါကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။ ကျွန်တော့်အနေဖြင့် ဒီဟာသည် တိုင်းရင်းသားစာပေ သင်ကြားရေး ကိစ္စဖြစ်တဲ့ အတွက်ကြောင့် ယခုလည်း သင်ကြားနေတဲ့လုပ်ငန်း ဖြစ်တဲ့အတွက်ကြောင့် ဒါကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်တယ်လို့ သုံးသပ်ပါတယ်။ နောက်တစ်ခုကျတော့ အမျိုးသား ပညာရေးဥပဒေ ပုဒ်မ ၆၀ ဖြစ်ပါတယ်။ ဒီဟာကို အမျိုးသားလွှတ်တော်က ဝန်ကြီးဌာနသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် အမှီအခိုကင်းသော ပညာရှင်များ ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်လို့ အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော်က ဝန်ကြီးဌာန သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်လို့ အတည်ပြုထားပါတယ်။ ဒီနေရာမှာ ကွာခြားတာက အမှီအခိုကင်းသော ပညာရှင်များနဲ့ ကျွမ်းကျင်ပညာများဆိုတဲ့ စကားလုံး ဖြစ်ပါတယ်။ ဒီနေရာမှာ ကြီးကြပ်ဖို့ရန်သာ ဖြစ်ပါတယ်။ မူဝါဒ ချမှတ်ဖို့ရန် မဟုတ်တဲ့အတွက်ကြောင့် ကြီးကြပ်ဖို့ဆိုရင် အမှီအခို ကင်းတဲ့ ပညာရှင်၊ သူ့ဘက်ကိုယ့်ဘက် ဘက်မလိုက်တဲ့ ပညာရှင်သာလျှင် ကြီးကြပ်အဖွဲ့မှာ ဖွဲ့စည်းသင့် တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်တဲ့အတွက်ကြာင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အတိုင်းသာ ထားရှိသင့်ပါကြောင်း တင်ပြအပ် ပါတယ်။ ကျန်တဲ့ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဒီလို ဆွေးနွေးတင်ပြတဲ့အခါမှာ အလေးအနက် ဆွေးနွေးလိုတာကတော့ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၄၃ မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုထားသော်လည်း ပြည့်သူ့လွှတ်တော်က ပယ်ဖျက်တာ ရှိပါတယ်။ ဒါကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မှာ ၄၃ (ဃ)၊ သင်ကြားရေး တွင် ဘာသာစကား (၃)မျိုးဖြစ်သော မြန်မာစာ၊ မိခင်တိုင်းရင်းသား ဘာသာစကား၊ အင်္ဂလိပ်ဘာသာ စကား တို့ကို အသုံးပြုသင်ကြားနိုင်သည်ဆိုတဲ့ဟာကို ပြည်သူ့လွှတ်တော်က ပယ်ဖျက် ထားပါတယ်။ ဒါကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဟာ ပိုမိုဆီလျော်တဲ့အတွက်ကြောင့် ဒါကို ထောက်ခံခြင်း ဖြစ်ပါတယ်။

နောက်တစ်ခါ (ခ)မှာဆိုရင် မိခင်တိုင်းရင်းသား ဘာသာစကား၊ အမျိုးအစားတို့ကို ရွေးချယ်အသုံးပြုရန်အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ရွေးချယ်ဆုံးဖြတ်ခွင့်ရှိသည် ဆိုတာကို ပြည်သူလွှတ်တော်က ပြင်ဆင်ထားပါတယ်။ ၄၃(ခ)မှာ အခြေခံပညာအဆင့်တွင် တိုင်းရင်းသား ဘာသာ စကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံး ဘာသာစကား အဖြစ်တွဲဖက်အသုံးပြုနိုင် သည်လို့ ပြင်ဆင်ပြီးမှ အတည်ပြုထားပါတယ်။ ကျွန်တော့်အနေနဲ့ ဒါအလေးအနက်ထား ထောက်ခံလို ပါတယ်။ ဘာလို့လဲဆိုရင် မူလအဆိုပြုချက်ပြုတဲ့အထဲမှာ မိခင်ဘာသာစကားလို့ သုံးနှုန်းထားတယ်။ အမျိုးသားလွှတ်တော်က မိခင်တိုင်းရင်းသား ဘာသာစကားလို့ ထပ်မံပြီးမှ အတည်ပြုထားတယ်။ တကယ်ကျတော့ ဘာသာဗေဒပညာမှာ ဘာသာစကား အမျိုးအစားက မိခင်ဘာသာစကား ဆိုတာ

ရှိပါတယ်။ ဒေသရာဇ် ဘာသာစကားဆိုတာရှိတယ်။ နောက်တစ်ခါ စံထား ဘာသာစကားဆိုပြီး (၃)မျိုး ရှိပါတယ်။

မိခင်ဘာသာစကားဆိုတာ သူတစ်ပါးက ရွေးချယ်သတ်မှတ်ပေးစရာမလိုဘဲ အလိုအလျောက် မွေးရာပါ မွေးကတည်းက ပြောဆိုတဲ့ ဘာသာစကားမျိုး ဖြစ်ပါတယ်။ ဒေသရာဇ်ဆိုတာ ဒေသအလိုက် ဒေသန္တရ စကားဖြစ်ပါတယ်။ စံထား ဆိုတာ ဘုံဘာသာစကားလိုမျိုး အများစုက သုံးနှုန်းတဲ့ ဘာသာစကားမျိုးကို ဒါ ခွဲခြားဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မိခင်တိုင်းရင်းသားဘာသာစကား ဆိုတာ ဘာသာဗေဒ ပညာမှာကျတော့ မိခင်တိုင်းရင်းသားဘာသာစကား ဆိုတာ မရှိပါဘူး။

ဒါကြောင့် ဒီမှာ တိုင်းရင်းသားဘာသာစကားဆို တိုင်းရင်းသားဘာသာစကား၊ မိခင်ဘာသာစကားဆို မိခင်ဘာသာစကား ဒီလိုမျိုးသာ ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိခင်ဘာသာစကားကိုလည်း သူတစ်ပါးက ရွေးချယ်ပေးလို့ မရပါဘူး။ သတ်မှတ်ပေးလို့ မရပါဘူး။ သူ့ဟာ သူ နဂိုကတည်းက ရှိပြီးသားဖြစ်တဲ့ ဘာသာစကားဖြစ်တဲ့အတွက်ကြောင့် ဒါသည် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဟာ ပိုမိုဆီလျော်တဲ့အတွက်ကြောင့် ဒါကို ကျွန်တော့်အနေနဲ့ ထောက်ခံရခြင်း ဖြစ်ပါတယ်။ ကျန်တဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များကိုလည်း ထောက်ခံပါကြောင်းနဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၆။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပညာရှင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ရိုသေလေးစားစွာဖြင့် ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီး ရဲ့ တာဝန်ပေးချက်အရ ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့ကိုယ်စား လေးပွင့်ဆိုင် NNER ကျောင်းသားအဖွဲ့၊ ပညာရေးဌာနအစိုးရအဖွဲ့နဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ လေးပွင့်ဆိုင်မှာ အကြိမ်ကြိမ် တက်ရောက်ခဲ့တယ်ဆိုတဲ့ အခါကျတော့ ဒီ NNER နှင့် ကျောင်းသားတွေရဲ့ သဘော၊ ဆန္ဒ၊ ရည်ရွယ်ချက်ကို ကျွန်တော် တော်တော်လေး နားလည်ခံစားခဲ့ရပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဥပဒေကြမ်းကော်မတီအနေနဲ့ကလည်း ကျောင်းသားအဖွဲ့ရော၊ NNER ရော၊ နိုင်ငံရေးပါတီ ပေါင်းစုံ၊ ပညာရှင်ပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်မှာ တင်ပြခဲ့ခြင်းဟာ အများရဲ့ဆန္ဒ၊ ကျောင်းသားနဲ့ NNER အဓိကတောင်းဆိုတာ ဘာလဲဆိုတော့ လွတ်လပ်တဲ့ ပညာရေး၊

ဒီမိုကရေစီကျတဲ့ ပညာရေး၊ အဆင်မြင့်ပညာရေးမှာ (Autonomy) ပြည့်ဝဖို့ ဆိုတဲ့ ပညာရေး ပြည်သူကို အခြေပြုတဲ့ ပညာရေး၊ သူတို့ရဲ့ တောင်းဆိုချက်၊ နောက်ပြီးတော့ အဓိကကျတဲ့ အချက်တစ်ချက်က ဘာလဲဆိုတော့ ကျောင်းသားသမဂ္ဂနဲ့ ဆရာသမဂ္ဂဆိုတာ အဓိကကျတဲ့ အချက်တစ်ချက် ဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကနေ ညှိနှိုင်းပြီးတော့ တင်ပြထားတဲ့ ပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းဟာ အများအားဖြင့် အင်မတန်မှ ဆီလျော်သင့်မြတ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အချို့ကို ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ တင်ပြချက်ကိုပဲ အတည်ပြုဖို့ အများအားဖြင့် ကျွန်တော် တင်ပြမှာ ဖြစ်ပါတယ်။

ပထမအနေနဲ့ ဘာလဲဆိုတော့ ပုဒ်မ ၂၊ အပိုဒ် (ဠ)မှာ ဘာလဲဆိုတော့ အဲဒီမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကနေ တင်ပြထားတာက ဘာလဲဆိုတော့ တက္ကသိုလ်ကောင်စီမှာ ကျောင်းသား သမဂ္ဂမှာ အမည်စာရင်း တင်သွင်းသော တက္ကသိုလ်မှ ဘွဲ့ရပုဂ္ဂိုလ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များ၊ နောက်ပြီးတော့ တက္ကသိုလ်ဆရာသမဂ္ဂ၏ ကိုယ်စားလှယ် အဲဒီလို ပါရှိတယ်။ အဲဒါကို ပြည်သူ့လွှတ်တော် က ပယ်ဖျက်ထားပြီးတော့ ဆရာများကိုယ်စားလှယ်၊ ကျောင်းသားများ ကိုယ်စားလှယ် ဆိုပြီးတော့ ဒီဟာက လိုလားချက်နဲ့ လုံးဝ ဆန့်ကျင်နေပါတယ်။ ကျောင်းသားတွေရဲ့ လိုလားချက်၊ NNER ရဲ့ လိုလားချက်နဲ့ လုံးဝ ဆန့်ကျင်နေပါတယ်။ သဘာဝကျတဲ့ လိုလားချက်နဲ့ ကိုက်ညီအောင် နောက်ပြီးတော့ တက္ကသိုလ်ရဲ့ စီမံအုပ်ချုပ်မှုကလည်းပဲ လွတ်လပ်အောင်ဆိုပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ညှိနှိုင်းပြီးတော့မှ တင်ပြထားတဲ့ ပြင်ဆင်ချက် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဠ) ကို အမျိုးသားလွှတ်တော် ရဲ့ အတည်ပြုချက်အတိုင်း ထောက်ခံပါတယ်။

နောက်တစ်ခု ကျွန်တော် ထပ်ဖြည့်ချင်တာကတော့ တက္ကသိုလ် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအသင်းအဖွဲ့မှ ကိုယ်စားလှယ်ဆိုပြီးတော့ ကျွန်တော် ထပ်ဖြည့်ချင်ပါတယ်။ နောက် ပုဒ်မ ၄ (ခ)မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်အနေနဲ့တင်ပြထားတဲ့ ဆရာသမဂ္ဂများ ကိုယ်စားလှယ် ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များ ပါရှိတယ်။ ဒါဟာ အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားတဲ့ ဆရာများကိုယ်စားလှယ်၊ ကျောင်းသားကိုယ်စားလှယ် ဆိုပြီးတော့ ဒါကို ကျွန်တော်တို့က မယူဘဲနဲ့ အမျိုးသားလွှတ်တော်က သဘာဝကျကျ ညှိနှိုင်းပြီးတော့ တင်ပြထားတဲ့ အတည်ပြုချက်ကိုပဲ ကျွန်တော် ထောက်ခံပါတယ်။ နောက်ပြီးတော့ ကျောင်းသားများ ကိုယ်စားလှယ် အပြင်ကို တက္ကသိုလ် စာပေယဉ်ကျေးမှု၊ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအသင်းအဖွဲ့မှ ကိုယ်စားလှယ် ဆိုတာကို ကျွန်တော် ထပ်ဖြည့်ချင်ပါတယ်။

နောက်ပြီးတော့ ပုဒ်မခွဲ(ခ)မှာ အဆင့်မြင့်ပညာကျောင်းများတွင် ဒါကတော့ ပြည်သူ့လွှတ်တော် ကလည်း လက်ခံထားပြီးသား ဖြစ်ပါတယ်။ ပုဒ်မ ၄ (ဂ) ကတော့ ပြည်သူ့လွှတ်တော်ကလည်း သဘောတူ ထားတဲ့အတွက်ကြောင့် ကျွန်တော် ဆက်ပြီးတော့ မဆွေးနွေးတော့ဘူး။ အဲဒီ အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဖြစ်တယ်။ အဲဒီမှာကို တက္ကသိုလ် တိုင်းရင်းသားစာပေ ယဉ်ကျေးမှု အသင်းအဖွဲ့ များ ကိုယ်စားလှယ် ဆိုပြီးတော့ ကျွန်တော် ထပ်ဖြည့်ချင်ပါတယ်။

ပုဒ်မ ၅ (က) အင်မတန်အရေးကြီးတဲ့ ပုဒ်မ ဖြစ်ပါတယ်။ ဒီပုဒ်မကို ကျောင်းသားနဲ့ NNER က လုံးဝပယ်ဖျက်ထားတယ်။ အခန်းတစ်ခန်းလုံးကို ပယ်ဖျက်တာ။ အဲဒါကို ကျွန်တော်တို့ရဲ့ ဥပဒေကြမ်း

ကော်မတီကနေ ညှိနှိုင်းဆွေးနွေးချက်အရ ဒါကို အများအဖွဲ့အစည်းတွေ၊ ပါတီအဖွဲ့အစည်းတွေ၊ ပညာရှင်တွေ ခုနတုန်းက ကျောင်းသားနဲ့ NNER ညှိနှိုင်းချက်အရသာလည်း ဒါကို ပြန်ထည့်လာတယ်။ ထည့်လာတဲ့အခါကျတော့ ဘာလဲဆို ခေါင်းစဉ် အခေါ်အဝေါ်၊ ကော်မရှင်ရဲ့ ခေါင်းစဉ်ကို အမျိုးသား ပညာရေး မူဝါဒရေးရာကော်မရှင် ဆိုပြီးတော့ နာမည်ပြောင်းထားတယ်။ အဲဒါကိုလည်း အင်မတန် ညှိနှိုင်းပြီးတော့မှလည်း ရလာတဲ့အချက် ဖြစ်ပါတယ်။ အဲဒီကော်မရှင်မှာ ပါဝင်တဲ့ အချက်တွေက ပုဒ်မ ၅(က)မှာ ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄) ကို ပြည်သူ့လွှတ်တော်က သဘောတူပါတယ်။ နောက်ပြီးတော့ ပုဒ်မခွဲငယ်(၅)နှင့် (၆) ဟာ ဆရာများ၊ ဆရာသမဂ္ဂများ၏ ညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပညာရှင်(၂)ဦး၊ ပုဒ်မခွဲငယ်(၆) မှာ ကျောင်းသား ဆရာသမဂ္ဂများ ညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ပညာရှင်(၂)ဦး၊ ဒါဟာ ကျောင်းသားနဲ့ NNER တို့ ညှိနှိုင်းပြီးတော့ လက်ခံထားတဲ့ဟာကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့က ဒါကို မပယ်ဖျက်သင့်ဘူး၊ အမျိုးသားလွှတ်တော် အတည်ပြုတဲ့အတိုင်း ပြန်လည် ထည့်ဖို့ ကျွန်တော့်အနေနဲ့ အကြံပြုပါတယ်။

နောက်ပြီးတော့ ပုဒ်မခွဲငယ်(၇)၊ (၈)၊ (၉)၊ (၁၀)ကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြု ချက်အတိုင်းကို ပြည်သူ့လွှတ်တော်က လက်ခံထားပါတယ်။ ကျွန်တော် ထပ်ဖြည့်ချင်တဲ့ အပိုဒ် တစ်ပိုဒ်က ဘာလဲဆိုတော့ တည်ဆဲဥပဒေမှာကတည်းက အဲဒီ ပုဒ်မမှာ တည်ဆဲဥပဒေမှာကိုက တိုင်းရင်းသား ပညာရှင်များပါဝင်ရန်ဆိုပြီးတော့ တိုင်းရင်းသားပညာရှင်၊ တိုင်းရင်းသားစာပေပညာရှင်၊ တိုင်းရင်းသား ပညာရှင်များ ပါဝင်ရန် ဆိုပြီးတော့ တည်ဆဲဥပဒေမှာ ပါတယ်။ ဒီနေရာမှာ အဲဒီအချက်တစ်ချက်က မပါလာဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အကြံပြုချင်တာ ဘာလဲဆိုတော့ အခု တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကို ကာကွယ်တဲ့ဥပဒေ အတည်ဖြစ်ပြီးတဲ့ အတွက်ကြောင့် ပြည်ထောင်စုအဆင့်မှာ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ဆိုတာ ဖြစ်ပေါ် လာမယ်။

အဲဒီတော့ ပုဒ်မခွဲငယ်(၁၁) အနေနဲ့ ပြည်ထောင်စုတိုင်းရင်းသားရေးရာဝန်ကြီးဌာနက ရွေးချယ်ပေးသော တိုင်းရင်းသား ပညာရှင်(၂)ဦးဆိုပြီးတော့ ကျွန်တော် ထပ်ဖြည့်ချင်ပါတယ်။ နောက် ပုဒ်မက ဘာလဲဆိုတော့ ပုဒ်မ ၃၉ (ဠ)ဟာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ တော်တော်လေး အလေးအနက်ထားပြီးတော့ ဆွေးနွေးထားတာ ဖြစ်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ သင်ယူသူများ ဘဝတစ်လျှောက်လုံး အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်နဲ့ စဉ်းစားတွေးခေါ် မြော်မြင်မှုရရှိစေရေး လက်တွေ့ဘဝနဲ့ ကိုက်ညီဆက်စပ်မှု ရှိသော သင်ရိုးညွှန်းတမ်းများ ဖြစ်စေရေး ဆိုတာကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။ ဒါကို မပယ်ဖျက်သင့်ဘူး။ အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုပြဋ္ဌာန်းချက်အတိုင်း ထားသင့်ပါတယ်။ အင်မတန် အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံက လက်တွေ့ကျတဲ့ ပညာရေးစနစ် ဖြစ်ဖို့ဆိုတာ ဒီအပိုဒ်က အင်မတန် အရေးကြီး ပါတယ်။

နောက်ပြီးတော့ ပုဒ်မ ၄၀(က) ဟာ ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉) ဆိုတာ ရှိတယ်။ အဲဒီ ပုဒ်မခွဲတွေ အားလုံးကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။ ဒါဟာဘာလဲဆိုတော့ ဒီနေရာမှာ ဆရာ/ဆရာမများရဲ့ သမဂ္ဂက ညှိနှိုင်းရွေးချယ်တာပါတယ်၊ (၆) မှာ၊ ကျောင်းသားသမဂ္ဂ များက ညှိနှိုင်းရွေးချယ်တဲ့ အမှီအခိုကင်းတဲ့ ပညာရှင် (၂)ဦးဆိုတာ ပါတယ်။ တက္ကသိုလ် တိုင်းရင်းသားစာပေနှင့်

ယဥ်ကျေးမှုအသင်း အမည်စာရင်းတင်သွင်းသော ပညာရှင်(၂)ဦး ပါတယ်။ ပြည်နယ်လွှတ်တော်နှင့် အစိုးရအဖွဲ့က ညှိနှိုင်းရွေးချယ်သော တိုင်းရင်းသား ပညာရှင် တစ်ဦးစီ ပါဝင် ပါတယ်။

ဒီပုဒ်မမှာ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့အချက်က အင်မတန်မှ လက်တွေ့ကျတယ်။ ညှိနှိုင်းဆွေးနွေးချက်အရ ဒါဟာ ရရှိလာတဲ့ အရေးကြီးတဲ့ အချက် ဖြစ်တယ်။ ကျောင်းသားနဲ့ ကျောင်းသားအဖွဲ့တွေရဲ့ ဒုက္ခခံထားတာ ဒီကနေ့ဟာ ဒုက္ခပင်လယ်ဝေနေတုန်းအချိန် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကနေ ညှိနှိုင်းပြီးတော့ ရရှိလာတဲ့ အကျိုးတရား၊ အောင်မြင်မှုလည်း ပြောလို့ရပါတယ်။ သူတို့အတွက် စိတ်ချမ်းသာစရာလည်း ဖြစ်တယ်။ သူတို့ရဲ့ရည်မှန်းချက်လည်း ရောက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုချက်ကို ကျွန်တော် ထောက်ခံပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပယ်ဖျက်ချက်ကို ကန့်ကွက်ပါတယ်။

ပုဒ်မ ၄၃၊ ၄၄ ။ ဒီပုဒ်မတွေကလည်းပဲ တိုင်းရင်းသားပညာရေးအတွက် အင်မတန် အရေးကြီးတယ်။ မူလပြဋ္ဌာန်းချက်အနေနဲ့ တော်တော်လေး ပြည့်စုံပြီးသားဖြစ်တယ်။ ဒါပေမဲ့ NNER က အားမရလို့ ပြင်တယ်။ ပြင်တယ်ဆိုပေမယ့် ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက် နစ်နာချက် ရှိတယ်။ ဘာပဲဖြစ်ဖြစ် သူတို့ရဲ့ တင်ပြချက်နဲ့ ကျွန်တော်တို့မှာရှိတဲ့ မူလပြဋ္ဌာန်းချက်ကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကနေပြီးတော့ ပေါင်းစပ်ပြီးတော့ သဘောတူညီမှုရအောင် ညှိနှိုင်းခဲ့တယ်။ အဲဒီအတွက်ကြောင့် ဒီပုဒ်မ နှစ်ခုနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ကနေ တင်ပြတဲ့ ပုဒ်မ ၄၃ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) အကုန်လုံးကို အမျိုးသားလွှတ်တော်ရဲ့ ပြဋ္ဌာန်းချက်၊ အတည်ပြုချက်အတိုင်း ကျွန်တော် ထောက်ခံပါတယ်။

ပုဒ်မ ၄၉။ ပုဒ်မ ၄၉ မှာ အမျိုးသားလွှတ်တော်က ဖြည့်စွက်ချက် ၄၉(က)၊ ၄၉(ခ) ဟာ အင်မတန်မှ အရေးကြီးသင့်တော်တဲ့အတွက်ကြောင့် အများရဲ့ဆန္ဒနဲ့ကိုက်ညီတဲ့အတွက်ကြောင့် ညှိနှိုင်းလို့ရတဲ့အဖြေ ဖြစ်တဲ့အတွက်ကြောင့် ဒီဖြည့်စွက်ချက်၊ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ဖြည့်စွက်ချက်ကို ကျွန်တော် ထောက်ခံပါတယ်။

ပုဒ်မ ၅၅ မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ညှိနှိုင်းပြီးတော့ ဒါ ရရှိလာတဲ့ အဖြေလည်း ဖြစ်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးမှုကြောင့် ရရှိလာတဲ့ အချက်အချို့ပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်က အတည်ပြုချက်အတိုင်း ကျွန်တော် ထောက်ခံပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်ပါတယ်။

ပုဒ်မ ၅၆ (က)၊ (ခ)ဟာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ တင်ပြချက်က ဒီမိုကရေစီ နှင့် ကိုက်ညီအောင် ကျောင်းသားနဲ့ NNER က လက်ခံနိုင်အောင် ညှိနှိုင်းပြီးတော့ တင်ပြထားတဲ့ အချက်၊ အတည်ပြုထားတဲ့အချက် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဘက်က ပြန်လည် ပြင်ဆင်ချက်က ကျောင်းသားနဲ့ NNER က လက်ခံနိုင်စရာ အကြောင်းမရှိဘူး။ မူရင်း တည်ဆဲဥပဒေထက်ကို ပိုပြီးတော့ အာဏာချုပ် ကိုင်မှုဟာ ပိုများနေတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ကျွန်တော် တင်ပြ လိုပါတယ်။ ထောက်ခံပါတယ်။

ပုဒ်မ ၅၈ (ခ)မှာ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းကို ကျွန်တော် ထောက်ခံတယ်။ အဲဒီမှာ တက္ကသိုလ် တိုင်းရင်းသား၊ စာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ ကိုယ်စားလှယ်ဆိုတာ ကျွန်တော် ထပ်ဖြည့်ဖို့ တင်ပြအပ်ပါတယ်။ နောက်ပြီးတော့ ပုဒ်မ ၅၉(ဃ)၊ ၆၉(ဃ)၊ နောက်ဆုံး ပြင်ဆင်လိုတဲ့ ပုဒ်မ တစ်ခု ဖြစ်ပါတယ်။ အဲဒီပုဒ်မကို ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ပယ်ဖျက်ထားပါတယ်။ ကျွန်တော့်အနေနဲ့က ဘာလဲဆိုတော့ ဒီပုဒ်မကလည်းပဲ ပြည်သူကို ဗဟိုပြုတဲ့သဘော၊ နောက်ပြီးတော့ ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များ ပါဝင်မှုလည်း ရှိတယ်။ အဲဒီတော့ လိုလားချက်၊ တောင်းဆိုချက်နဲ့လည်း ကိုက်ညီတယ်။ ကျွန်တော်တို့ ပညာရေးဥပဒေ၊ ပညာရေးစနစ်ကိုလည်း ထိခိုက်ဖို့ အလားအလာ မရှိဘူး။ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂကို အကြောက်လွန်ပြီးတော့ ပိတ်ပင်လွန်းတယ်၊ နေရာမပေး လွန်းဘူးဆိုရင် တွန်းကန်မှုဖြစ်ပေါ်လာနိုင်တယ်။

အခုလို ကျွန်တော်တို့ ဒီလို ပညာရေးမှာ ပါဝင်မှုပေးလိုက်တဲ့အခါကျတော့ အားလုံးညှိညှိနှိုင်းနှိုင်းနဲ့ ပညာရေး ဒီမိုကရေစီကျတဲ့ ပညာရေးဖြစ်လာပြီးတော့ ငြိမ်းချမ်းတဲ့ ဘက်ကို ရောက်သွားနိုင်ပါတယ်။ ရောက်ဖို့လည်း အလားအလာကောင်းပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ညှိနှိုင်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ဒီပုဒ်မကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုဖို့။ နောက်တစ်ချက်က တက္ကသိုလ် တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု ကိုယ်စားလှယ်ပါဝင်ဖို့ဆိုတာ ကျွန်တော် တစ်ပိုဒ်ထပ်ဖြည့်ချင်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံးနဲ့ ပညာရှင်များကို အထူးကျေးဇူးတင်ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၅။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်စပ်မယ့် အကြောင်းအရာတစ်ခုကို ကြိုတင် တင်ပြခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ အခု သကြံန်မတိုင်ခင် ၈-၄-၂၀၁၅ နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်တစ်ခု ပေးပို့ခဲ့ပါတယ်။ ဒီသဘောထားမှတ်ချက်က အမြန်လမ်းမကြီး ဥပဒေမှာပါတဲ့ လမ်းတာပေါင်၊ လမ်းဆိုင်းဘုတ် ဟူသော စကားရပ်အသီးသီးတို့သည် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ချန်လှပ်သင့်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် ဥပဒေကြမ်းမှာ ယင်းစကားရပ်ကို သုံးနှုန်းထားခြင်းမရှိကြောင်း ဖော်ပြထားပါတယ်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုချက်မှာ လမ်းတာပေါင်ဆိုသည်မှာ လမ်းဖောက်လုပ်ရေးအတွက် နည်းပညာရာဆိုင်ရာ စံချိန်စံညွှန်းနဲ့အညီ မြေဖို့တည်ဆောက်ထားသော တာပေါင်ကို ဆိုသည်။ လမ်းဆိုင်းဘုတ်ဆိုသည်မှာ အမြန်လမ်းမကြီးတစ်လျှောက် လမ်းဆုံလမ်းခွဲများတွင် အကွာအဝေးသိရှိစေရန် ဖော်ပြထားသော ဆိုင်းဘုတ် လမ်းညွှန်ဆိုင်းဘုတ်၊ မော်တော်ယာဉ်များ အန္တရာယ်မဖြစ် စေရန် သတိပေးဆိုင်းဘုတ်နဲ့ စည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေးအတွက် တားမြစ်ချက် ဆိုင်းဘုတ်များကို ဆိုသည်လို့ ဖော်ပြထားပါတယ်။

ဒါကို ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်တဲ့အခါမှာ နိုင်ငံတော်သမ္မတသဘောထား မှတ်ချက်ကို ပယ်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ရဲ့ မူလသဘောထား အဓိပ္ပာယ်ဖွင့်ဆိုချက်တွေအတိုင်း တင်ပြအတည်ပြုခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ဆွေးနွေးမယ့် အမျိုးသားလွှတ်တော်ရဲ့ အမျိုးသား ပညာရေးဥပဒေမှာ ပဋိညာဉ်စာတမ်းဆိုတဲ့ စာပိုဒ်ပါတယ်။ ဒီ ပဋိညာဉ်စာတမ်းနဲ့အညီ ဘာတွေလုပ်ရ မလဲဆိုရင် တက္ကသိုလ်ကောင်စီကို ဖွဲ့ရပါမယ်။ ကျောင်းသားသမဂ္ဂတွေကို ဖွဲ့ရပါမယ်။ တက္ကသိုလ် ဝင်ခွင့်စနစ်ကို ကျင့်သုံးရမယ်ဆိုတဲ့ အပိုဒ်တွေ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု တက္ကသိုလ်ဝင်ခွင့်စနစ်က (၁၀)တန်းအောင်မှတ်စနစ်နဲ့ ကျင့်သုံးနေ တာပါ။ ဒါကို ပဋိညာဉ်စာတမ်းနဲ့အညီဖွဲ့စည်းထားတဲ့ တက္ကသိုလ် ပဋိညာဉ်စာတမ်းနဲ့အညီ တက္ကသိုလ်ဝင် ခွင့်စနစ်ကို ကျင့်သုံးရမယ်ဆိုလို့ရှိရင် ပြင်ပလောကမှာ ဘာတွေဖြစ်နေလဲဆိုရင် တတ်နိုင်တဲ့မိဘတွေ ကတော့ ငါတို့သားသမီးကိုပေးကမ်းပြီးတော့ ပိုမြင့်တဲ့ တက္ကသိုလ်ရအောင် ဝင်မယ်ဆိုတဲ့ စိတ်ကူးတွေနဲ့ ပျော်နေ ကြပါတယ်။ ငွေကြေးမတတ်နိုင်တဲ့ မိဘတွေကတော့ ငါတို့သားသမီးတွေတော့ စာတော်ပေမယ့် လို့ တက္ကသိုလ် ဝင်ခွင့်မရတော့ပါဘူးဆိုပြီးတော့ ကြိုတင်စိတ်ဆင်းရဲမှုတွေက ပြင်ပလောကမှာဖြစ်နေ ပါပြီ။ ဒါဟာ လက်တွေ့ပါပဲ။ ဤဥပဒေမပြဋ္ဌာန်းခင်မှာ စိုးရိမ်ပူပန်မှုတွေ၊ ပျော်ရွှင်မှုတွေဖြစ်နေကြပါတယ်။

နောက်ဒုတိယအချက်ကတော့ ကျောင်းသားသမဂ္ဂဖွဲ့စည်းရမယ်ဆိုတဲ့ အချက်ပါ ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဒီနေ့ဟာဆိုလို့ရှိရင် ကျွန်တော်တို့ လက်ပံတန်းကျောင်းသား အရေးအခင်းနဲ့ ဆန္ဒပြနေတဲ့သူတွေ တရားရုံးထုတ်တဲ့နေ့ပါ။ ဒီအမှုနဲ့ ပတ်သက်လို့ ရဲမှူးကြီးဝင်းစိန် ရဲ့ မီဒီယာကို ပြောကြားချက်ကို ကျွန်တော် ဖတ်ပြပါမယ်။ သမဂ္ဂတို့၊ တရားဝင်ပြီလို့ သူတို့ထင်နေတာ တကယ်တော့ တရားမဝင်ပါဘူး။ ဒီဥပဒေအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြီးမှ တရားဝင် မှာပါ။ သူတို့ဥပဒေချိုးဖောက်လို့ အရေးယူတာပါလို့ပြောချင်ပါတယ်ဆိုတဲ့ ရဲမှူးကြီးဝင်းစိန် ရဲ့ ပြောကြား ချက်ရှိပါတယ်။

ဒါဟာ ဘာပြောလဲဆိုရင် တက္ကသိုလ်သမဂ္ဂတွေက ဥပဒေနဲ့ တရားဝင် အသိအမှတ်မပြု သရွေ့တော့ ပြည်ထဲရေးက ဖမ်းမယ်ဆီးမယ် ဆိုတဲ့သဘောနဲ့ အခုလည်း တရားရုံးထုတ်နေတဲ့ အကြောင်း သိရပါတယ်။ ကျွန်တော်တို့ ဒီကျောင်းသားတွေနဲ့ ပတ်သက်လို့လည်း များစွာစိတ်မကောင်း ဖြစ်ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျောင်းသားသမဂ္ဂအဖွဲ့အစည်းက ဒီဥပဒေနဲ့မှ ဖြစ်မှာပါ။ ဒီဥပဒေမှာလည်း ပဋိညာဉ်စာတမ်း ဆိုတဲ့ အချက်ပါပါတယ်။

နောက်တစ်ခုကတော့ ဒီပဋိညာဉ်စာတမ်းရဲ့ တက္ကသိုလ်ကောင်စီဖွဲ့ရမယ်ဆိုတဲ့ အချက်ပါ ပါတယ်။ တက္ကသိုလ်တွေက အရင်တုန်းက ဗဟိုချုပ်ကိုင်မှုနဲ့ နေရပါတယ်။ အခုဆိုလို့ရှိရင် တက္ကသိုလ်က ဗဟိုချုပ်ကိုင်မှုမရှိဘူး။ တက္ကသိုလ်ကောင်စီရဲ့ ချုပ်ကိုင်မှုအောက်မှာနေမယ်။ ဒါပေမဲ့ တက္ကသိုလ် ကောင်စီက ပဋိညာဉ်စာတမ်းနဲ့အညီဆိုတဲ့ အချက်တွေပါပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြလိုတာ ကတော့ ဥပဒေတစ်ခုပြဋ္ဌာန်းမယ်ဆိုလို့ရှိရင် နိုင်ငံတော် သမ္မတသဘောထားမှတ်ချက်ပြုတဲ့ ဥပဒေထဲမှာ မပါတဲ့ လမ်းတာပေါင်၊ လမ်းဆိုင်းဘုတ်ဆိုတဲ့ စကားလုံးတွေက အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ပေးခဲ့မယ်ဆိုရင် ဒီဥပဒေထဲမှာ ပဋိညာဉ်စာတမ်း ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က မဖြစ်မနေလိုအပ်နေပြီ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်း ဥပဒေထဲမှာ ပဋိညာဉ်စာတမ်း၊ ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေထဲမှာ ပဋိညာဉ်စာတမ်းနဲ့အညီဆိုတာ ပါပေမယ့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွေမရှိကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိက ဒီ အမျိုးသားပညာရေး ဥပဒေမှာ အဓိက Main Body သုံးခု ပါပါတယ်။ ပထမ Body က အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ပါ။ ဒုတိယ Main Body က သင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီပါ။ တတိယ Body ကြီးကတော့ အမျိုးသားပညာရေးအဆင့်အတန်းနဲ့ အရည်အသွေး အာမခံအကဲဖြတ်မှု ကော်မတီဆိုတဲ့ အဓိက ကြိုးကိုင် Body ကြီးသုံးခုပါပါတယ်။ ဒီ Body ကြီးသုံးခုမှာ အဓိက ကျွန်တော် တင်ပြချင်တာကတော့ ဒီ Body ကြီးသုံးခုမှာ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်တွေမှာဆိုလို့ရှိရင် ကျောင်းသားသမဂ္ဂတွေပါဝင်မှုကို ခွင့်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ထဲမှာတော့ ဒီ Main Body သုံးခုထဲမှာ ကျောင်းသားသမဂ္ဂတွေပါဝင်မှုကို လက်မခံဘဲ ပယ်ဖျက်ထားပါတယ် ခင်ဗျား။

အဲဒီတော့ ကျွန်တော်တင်ပြချင်တာကတော့ အမျိုးသားလွှတ်တော်မှာ ဒီ Main Body သုံးခုထဲမှာ ကျောင်းသားသမဂ္ဂတွေပါဝင်ခွင့်ပြုတာ ဘာကြောင့်ပါဝင်ခွင့်ပြုလည်းဆိုတဲ့ အကျိုးအကြောင်း ဖော်ပြချက်၊ ဒီလိုပါဝင်ခွင့်ပြုမယ်ဆိုလို့ရှိရင် ဘာတွေအကျိုးအမြတ်ရှိလဲဆိုတဲ့ အကျိုးအမြတ်ဖော်ပြချက်တွေ မတွေ့ရပါဘူး။ ဒီလိုပဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ထဲမှာ ဒီ Body သုံးခုထဲမှာ ကျောင်းသား သမဂ္ဂတွေမပါဘူး ဖြုတ်ထားတယ်ဆိုလို့ရှိရင် ဘာကြောင့် ဖြုတ်ထားတယ်ဆိုတဲ့ ကျိုးကြောင်းဖော်ပြချက်၊ ဒီလိုဖြုတ်လိုက်ခြင်းအားဖြင့် ဘာတွေအကျိုးအမြတ်ရှိမလည်းဆိုတဲ့ ဖော်ပြချက်တွေ မတွေ့ရဘူးဖြစ်နေပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကြီးတွေက ဥပဒေတစ်ခုကို အတည်ပြုတဲ့အခါမှာ ကျိုးကြောင်းဖော်ပြချက်တရားကို ကြည့်ပြီးတော့မှ ဆင်ခြင်တုံတရားနဲ့ အတည်ပြုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကျိုးကြောင်းဖော်ပြချက်မပေးဘူးဆိုရင် ကျွန်တော်တို့က ဘယ်လို ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်မယ်ဆိုတာ ကျွန်တော်တို့ မသိရှိဖြစ်နေပါတယ်ခင်ဗျား။ ဒါကြောင့် ဒီဥပဒေရေးဆွဲတဲ့ လူတွေဟာ ဒီကျိုးကြောင်းဖော်ပြချက်တွေ ဖော်ပြဖို့ အဓိပ္ပာယ်ရှိနေကြောင်း တာဝန်ရှိနေကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် ဆက်လက်တင်ပြလိုတာကတော့ ပြည်သူ့လွှတ်တော်မှာ ဒီ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးမှာ ပြည်သူ့လွှတ်တော်မှာ ဒီဥပဒေ ပဋိညာဉ်စာတမ်းနဲ့အညီ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးကို ပုဒ်မ ၄(ခ)(ဂ) မှာ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်ရဲ့ ဖော်ပြချက်တွေမှာ ပြန်ကြည့်မယ်ဆိုလို့ရှိရင် ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးကိုတော့ ဥပဒေအတိုင်း ပြုမယ်။ ဒါပေမဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့် ဘာမှမရှိရပါဘူး။ အဲဒီတော့ ကျောင်းသားသမဂ္ဂတွေ ဖွဲ့စည်းခွင့်တော့ ပြုတယ်၊ တာဝန်နဲ့ လုပ်ပိုင်ခွင့်တော့ မပြုဘူးဆိုလို့ရှိရင် ကျောင်းသားသမဂ္ဂတွေဟာ ဘာလုပ်ရမလည်းဆိုတာ မေးစရာ အချက်ပေါ်နေပါပြီ။ ဘာမှ တာဝန်နဲ့ လုပ်ပိုင်ခွင့်မပေးဘူးဆိုလို့ရှိရင် ကျောင်းသားသမဂ္ဂတွေဟာ ကျောင်းမှာ အမှိုက်ကောက်၊ ဂိတ်စောင့်တဲ့အလုပ်ပဲလုပ်ရတော့မှာလားလို့ မေးရမယ့် မေးဖို့ အခြေအနေပေါ်ပေါက် နေပါတယ်။

ဒါကြောင့် ဖွဲ့စည်းခွင့်ပြုမည်ဆိုရင်လည်း ဘာတာဝန် သူတို့နဲ့လည်း လိုက်လျောညီထွေတဲ့ ဘာတာဝန်၊ ဘာလုပ်ကိုင်ခွင့်တွေပေးမလည်းဆိုတဲ့အချက်တွေပါ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားရမှာ

ဖြစ်ပါတယ်။ နောက်ဆုံးအချက်တင်ပြချင်တာက ဘတ်ဂျက်ရဲ့ (၂၀)% ကို အမျိုးသားပညာရေးဥပဒေမှာ ပညာရေးနဲ့ပတ်သက်လို့ ဘတ်ဂျက်ရဲ့ (၂၀)% ပေးရမယ်ဆိုတဲ့ ဖော်ပြချက်ရှိပါတယ်။ ဒါပေမဲ့ ထူးခြားချက်ကတော့ ဘယ်တော့ ဘယ်ချိန်ဆိုတဲ့ ကာလစည်းကမ်းချက်မပါပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနေ့လွှတ်တော်ကျင်းပတာ (၄)နှစ်ကျော်လို့ နောက်ဆုံးနှစ်ကို ရောက်နေပါပြီ။ ဒီပညာရေးနဲ့ပတ်သက်လို့ နှစ်စဉ်နှစ်တိုင်းကတော့ အခြေအနေအရ တိုးမြှင့်ပေးပေမယ့် ဘယ်လောက် Percentage ဖြစ်တဲ့ Percentage တိုးရမယ်ဆိုတဲ့ ကျွန်တော်တို့ကိုယ်တိုင်တောင်မှ ပြဋ္ဌာန်းချက် မပေးနိုင်ခဲ့ပါဘူး။ အခြေအနေ အချိန်အခါ ကြည့်ပြီးတော့ ကျွန်တော်တို့ တိုးပေးနေရတာပါ။ ဒီကျွန်တော်တို့ မလုပ်နိုင်ခဲ့တဲ့ ဒီကတိတစ်ခုကို နောင်လာမယ့် လွှတ်တော်၊ နောင်လာမယ့် အစိုးရတွေလုပ်ဖို့ ကျွန်တော်တို့ က ဒီကြိုးနဲ့ချည်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တရားပါ့မလား။ ကျွန်တော်တို့ မလုပ်နိုင်တဲ့ကြိုး၊ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ မချည်နှောင်နိုင်တဲ့ကြိုးတစ်ခုနဲ့ နောင်လာမယ့် အစိုးရ၊ နောင်လာမယ့် လွှတ်တော်တွေချည်ဖို့ မသင့်တော်ပါဘူးခင်ဗျား။ ဒါကြောင့် ဘတ်ဂျက်ရဲ့ (၂၀) % နဲ့ ပတ်သက်လို့က ကျွန်တော်တို့ ဒီလွှတ်တော်ကလည်းဒီ ဘတ်ဂျက်နဲ့ပတ်သက်လို့ လုပ်နိုင်တဲ့ အခွင့်အရေးတွေ ပြီးဆုံးသွားပါပြီ။ ဒါပေမဲ့ နောက် ဒီဘတ်ဂျက်နဲ့ပတ်သက်လို့ လုပ်ရမယ့်အစည်းအဝေးတွေ၊ ဆုံးဖြတ်ချက်တွေက နောင်လွှတ်တော်နဲ့ နောင်ဆုံးဖြတ်ချက်သာ ဖြစ်ပါတယ်။ ဒီကြောင့် ဘတ်ဂျက်ရဲ့ (၂၀)% ပေးရမယ်ဆိုတဲ့ ဒီဥပဒေပြဋ္ဌာန်းချက်ကိုလည်း ပယ်ဖျက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင် လူကြီးမင်းများ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာတဲ့ အမျိုးသားပညာရေး ဥပဒေကြမ်းရဲ့ အပေါ်မှာ အချက်(၁၁)ချက်ကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ယခင်က ဆွေးနွေးခဲ့သလို အမျိုးသားပညာရေးဥပဒေဟာ ကောင်းမွန်သင့်တော် လက်တွေ့ကျဖို့လိုပါတယ်။ ဒီ အမျိုးသားပညာရေးဥပဒေဟာ ကျွန်တော်တို့နိုင်ငံအတွက် ကောင်းမွန်တဲ့ ပညာရေးဖြစ်ဖို့၊ ကောင်းမွန်သော်လည်း၊ ကောင်းမွန်ရုံနဲ့လည်းမပြီးသေးပါဘူး။ တိုင်းပြည်ရဲ့ ပကတိအရှိတရားတွေနဲ့ သင့်တော်ကိုက်ညီဖို့လည်း လိုအပ်ပါတယ်။ ကောင်းမွန်ပြီး သင့်တော်ပြန်တော့လည်း စိတ်ကူးယဉ်မဆန်ဘဲ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်ပါတယ်။ အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲရေးအတွက် အစိုးရ၊ လွှတ်တော် NNER နဲ့ ကျောင်းသားများ ဆိုတဲ့ (၄)ပွင့်ဆိုင်မှာ ဥပဒေပြုရေးအာဏာကို ပိုင်ဆိုင်ထားတဲ့ လွှတ်တော်ရဲ့အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီအမျိုးသားပညာရေးဥပဒေကို အကောင်အထည်ဖော်ရေးဆွဲရာမှာ ကျွန်တော်အထက်မှာ တင်ပြခဲ့တဲ့ ကောင်းမွန်သင့်တော် လက်တွေ့ကျဖို့ဆိုတဲ့ အချက်ပေါ်မှာ အခြေခံပြီးတော့ ကျောင်းသားများကို ချွေးသိပ်ဖို့ သက်သက်မဟုတ်ဘဲ NNER နဲ့ ပြဿနာ ပြေလည်ရင်ပြီးရော ဆိုတဲ့ သဘောမဆောင်ဘဲ အစိုးရရဲ့ ငြိုငြင်မှုကို ခံရမှာကို မတွေးဘဲ နိုင်ငံတော်နဲ့ နိုင်ငံသား အကျိုးစီးပွား နောင်မျိုးဆက်သစ်တို့ရဲ့ အကျိုးစီးပွားကိုသာ မျှော်တွေး ဆောင်ရွက်ဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးနက်စွာ အကြံပြုလိုပါတယ်။ ဥပဒေဆိုတာ ထာဝရကောင်းမွန်ဖို့အတွက် မဟုတ်သော်လည်း ရေရှည်အတွက်တော့ နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွား အာမခံချက်ပေးနိုင်ဖို့ လိုအပ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အဆိုပြုပြဋ္ဌာန်းချက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်နှင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ကန့်လန့်ဖြတ် ဇယားပေါ်မှာ အခြေခံပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ စာ ၂၅ ၊ စဉ်(၆၅)၊ အပိုဒ်(၄၀)၊ ပုဒ်မ ၃၈(က)ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိဖို့ဆွေးနွေးပါတယ်။

နောက်(၂)အချက် စာ(၂၅)၊ စဉ်(၆၈)၊ အပိုဒ်(၄၁)၊ ပုဒ်မ ၃၉ ကော်မရှင်ဆိုသည့်စကားရပ်ကို ကော်မရှင်က ဖွဲ့စည်းပေးသော အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဆိုတဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံပါတယ်။ အမှတ်စဉ်(၃)၊ စာ (၂၆)၊ စဉ်(၇၄)၊ အပိုဒ်(၄၃) အမျိုးသားလွှတ်တော်၏ ပုဒ်မ ၄၀(က)ကို ပယ်ဖျက်ပြီး ပြည်သူ့လွှတ်တော်၏ ပုဒ်မ ၄၀ ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို သင့်လျော်သော ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်ဆိုတဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံပါတယ်။

အမှတ်စဉ်(၄)၊ စာ(၂၉)၊ စဉ်(၇၅)၊ အပိုဒ်(၄၄)၊ ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)ကို ပုဒ်မ ၃၉နဲ့ ညီညွတ်စေဖို့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံပါတယ်။ အမှတ်စဉ်(၅)၊ စာ (၃၃)၊ စဉ်(၈၈) အသစ်ဖြည့်စွက်ချက်အပိုဒ် ပုဒ်မ ၄၉(က)(ခ)ကို ပြည်သူ့လွှတ်တော်ရဲ့ ပယ်ဖျက်ချက် အတိုင်း အတည်ပြုသင့်ပါတယ်။ နောက် အမှတ်စဉ်(၆)က စာ(၃၅)၊ စဉ်(၉၃)(၉၄)(၉၅)၊ အပိုဒ်(၅၆)၊ ပုဒ်မ ၅၃(က)(ခ)(ဂ)တို့ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုဖို့ ထောက်ခံပါတယ်။ အမှတ်စဉ်(၇)၊ စာ(၃၅)၊ (၃၆)၊ စဉ်(၉၇)၊ အပိုဒ်(၅၈)၊ ပုဒ်မ ၅၅(က)(ခ)(ဂ)(ဃ)(င)(စ) ပြည်သူ့လွှတ်တော်ရဲ့ ပယ်ဖျက်ချက်ကို သဘောတူပါတယ်။

အမှတ်စဉ်(၈)၊ စာ(၄၀)၊ စဉ်(၁၀၅)၊ အပိုဒ်(၆၂)၊ ပုဒ်မ ၅၈(ခ)နဲ့(ဂ)တို့ကို ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင် အတည်ပြုချက်အတိုင်း ထောက်ခံပါတယ်။ အမှတ်စဉ်(၉)၊ စာ(၄၁)၊ စဉ်(၁၁၀)၊ အပိုဒ်(၆၄)၊ ပုဒ်မ ၆၀ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကို သဘောတူပါတယ်။ အမှတ်စဉ်(၁၀)၊ စာ (၄၁)၊ စဉ်(၁၁၁)၊ အပိုဒ်(၆၅)၊ ပုဒ်မ ၆၂(က) ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။ အမှတ်စဉ်(၁၁)၊ စာ(၄၂)၊ စဉ်(၁၁၆)၊ အပိုဒ်(၆၇)၊ ပုဒ်မ ၆၄၊ ပုဒ်မခွဲ(ခ)ကို ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးနက်စွာ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၇။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံး အေးချမ်းသာယာကြပါစေလို့ မေတ္တာပို့သ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ဒီ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်တဲ့ဥပဒေနဲ့ ပတ်သက်လို့ ကျွန်မတို့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ်အရေးကြီးတဲ့ လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အကူပြုတဲ့ ဥပဒေတစ်ခုဖြစ်တဲ့အတွက် အားလုံးပဲ သိုင်းသိုင်းဝိုင်းဝိုင်းနဲ့ အလေးအနက်ထားပြီး တက်တက်ကြွကြွဆောင်ရွက်ကြတာလည်း အားလုံးအသိပါဘဲ။ အခုနောက်ဆုံး ဒီရလာတဲ့ ပြည်သူ့လွှတ်တော်ကနေပြန်လာတဲ့ ဥပဒေကလည်း ပြင်ဆင်ထားတဲ့အချက်တွေကလည်း တော်တော်လေးပြည့်ပြည့်စုံစုံ သူတို့လည်း အလေးအနက်ထားပြီးတော့ ဆောင်ရွက်ထားတယ်လို့ ကျွန်မကတော့ အဲဒီလိုပဲ ယုံကြည်ပါတယ်။ အဲဒါကြောင့်မို့လို့ သိပ်ပြီးတော့ ကြီးလေးတဲ့ အကြောင်းအရာတွေမပါတဲ့ ကျွန်မ စကားလုံး အသုံးအနှုန်း အထားအသို တချို့ကိုသာလျှင် ကျွန်မ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ဆိုတာ ကြိုတင်ပြီးတော့ အသိပေးတင်ပြအပ်ပါတယ်။ ကျွန်မ အစီရင်ခံပါရစေ။

ကျွန်မ စာမျက်နှာ(၃) အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ယ)ပါ အဲဒီမှာ ပါတဲ့ အမျိုးသားပညာရေးအဆင့်အတန်းနဲ့ အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီဆိုသည်မှာ ဆိုပြီးတော့ ကျွန်မတို့ အမှီအခိုကင်းသည့်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည် ဆိုပြီးတော့ ဒါ အမျိုးသားလွှတ်တော်မှာ ကျွန်မတို့ အဲဒီလိုပါပါတယ်။ နောက်တစ်ခါ ပြည်သူ့လွှတ်တော်က သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်လို့ အဲဒီလိုပါပါတယ်။ အဲဒီမှာ ကျွန်မက အဲဒီနှစ်ခုရဲ့ကွဲလွဲချက်က တစ်ခုက အမှီအခိုကင်းသည်လို့ပါပါတယ်။ တစ်ခုက သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်လို့ အဲဒီလို ပါပါတယ်။

အဲဒီတော့ ကျွန်မအနေနဲ့ကတော့ ပိုပြီးတော့ တိတိကျကျ ပြတ်ပြတ်သားသားနဲ့ တကယ်လည်း ဖြစ်သင့်ဖြစ်ထိုက်တာက အစောကလည်း ကိုယ်စားလှယ်တော်ကြီးတစ်ဦး ဆွေးနွေးသွားပါတယ်။ ဘာပဲဖြစ်ဖြစ် ပညာရှင်ဆိုသော်ငြားလည်းပဲ သိပ်ပြီးတော့ တကယ့် သမာသမတ်ကျကျ ဓမ္မဓိဋ္ဌာန်ကျကျ ဆွေးနွေးဆုံးဖြတ်နိုင်တဲ့ ပညာရှင်ဖြစ်ဖို့အတွက်ကတော့ အမှီအခိုကင်းတဲ့ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် များလို့ ပြင်ဆင်လိုတာကို ကျွန်မ ဆွေးနွေးတင်ပြအပ်ပါတယ်။

နောက်တစ်ခါ စာမျက်နှာ(၁၀)က ၆(ခ) မှာ အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အမျိုးသားသင်ရိုးညွှန်းတမ်းရေး ဆွဲရေးကော်မတီလို့ ဒါ ကျွန်မတို့ အမျိုးသားလွှတ်တော်က ဒီလိုသုံးစွဲထားပါတယ်။ ဒီလိုပြဋ္ဌာန်းထားပါတယ်။ အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီလို့ သူက အဲဒီလို စကားရပ်ကို အသုံးအနှုန်းကို အဲဒီလို သုံးစွဲထားပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့တော့ ဥပဒေဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ပြည့်စုံတိကျခိုင်မာတဲ့ အသုံးအနှုန်းကနေပြီးတော့မှ မပြည့်စုံ မတိကျ မခိုင်မာ

မပြတ်သားတဲ့ အသုံးအနှုန်းကို ပြင်ဆင်ထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မက အမျိုးသား သင်ရိုး ညွှန်းတမ်းရေးဆွဲရေး ကော်မတီကိုသာ အတည်ပြုပြီးတော့ ကျွန်မ ထောက်ခံဆွေးနွေးအပ်ပါတယ်။

အဲဒီမှာ ဆက်ပြီးတော့ ဖတ်လိုက်မယ်ဆိုရင်သူတို့က အကဲဖြတ်ကော်မတီ ဆိုတာလည်း ပါတယ်။ အဲဒီကျတော့ ကော်မတီရဲ့ ရှေ့မှာ သူဘာလုပ်ရမယ်ဆိုတဲ့ တာဝန်လေးကိုတော့ ပါဖို့လိုအပ်တယ်လို့ ကျွန်မ အဲဒီလို ယူဆပါတယ်။ အဲဒါကြောင့်မို့လို့ ဒါရေးဆွဲရေးကော်မတီ၊ အကဲဖြတ်ရေးကော်မတီ ဆိုတာမျိုး ဖြစ်တဲ့အတွက် ကျွန်မက အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ အမျိုးသားသင်ရိုး ညွှန်းတမ်းရေးဆွဲရေးကော်မတီဆိုတာကိုပဲ ထည့်သွင်းပြီးတော့ ပြဋ္ဌာန်းပေးပါလို့ ကျွန်မ ဒီမှာ ဆွေးနွေး တင်ပြ အပ်ပါတယ်။

နောက်တစ်ခါ စာမျက်နှာ(၁၉)ပါ၊ စာမျက်နှာ(၁၉)ကလည်း ဒီလိုပါပဲ စကားလုံး အသုံးအနှုန်း ထောက်နေတဲ့ဟာကို စကားလုံး အသုံးအနှုန်း အဆင်ပြေချောမွေ့စေဖို့အတွက်ပါ။ ဒါ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်ဆိုပြီးတော့မှ အမျိုးသားလွှတ်တော်က စစ်ဆေး အကဲဖြတ်ချက်နဲ့ စပ်လျဉ်း၍ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည်လို့ သုံးနှုန်းထားပါတယ်။ နောက် ပြည်သူ့လွှတ်တော်ကတော့ စစ်ဆေးအကဲဖြတ်ခြင်းနဲ့ စပ်လျဉ်း၍ သက်ဆိုင်ရာ ပညာရေး ဥပဒေများ၏ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည်လို့ အဲဒီလိုပြောပါတယ်။

အဲဒီတော့ သက်ဆိုင်ရာ ပညာရေးဥပဒေများ၏ နည်းဥပဒေများဆိုတဲ့ စကားလုံး အသုံးအနှုန်း ဟာ အင်မတန်ကို ထောက်တဲ့ အသုံးအနှုန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေပြုတဲ့အခါမှာ စကားလုံး အသုံးအနှုံးလည်း အရမ်းအရေးကြီးတာ ဖြစ်တဲ့အတွက် ကျွန်မ အဲဒီနေရာမှာ စစ်ဆေး အကဲဖြတ်ခြင်းနဲ့ စပ်လျဉ်း၍ သက်ဆိုင်ရာ ပညာရေးနည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည်လို့ ပြင်ဆင်ပြီးတော့ သုံးနှုန်းလိုက်မယ်ဆိုရင် တော်တော်လေး အဆင်ပြေချောမွေ့သွားမှာ ဖြစ်တဲ့အတွက် ကျွန်မ ဒီ စစ်ဆေး အကဲဖြတ်ခြင်းနဲ့ စပ်လျဉ်း၍ သက်ဆိုင်ရာ ပညာရေးနည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည် ဆိုတာကို ပြင်ဆင်လိုပါတယ်။

နောက် စာမျက်နှာ(၂၅) ပါ၊ ပုဒ်မ ၃၉ နဲ့ ပုဒ်မ ၄၀ တို့တွင် ပါရှိသော ကော်မရှင်ဆိုသည့် စကားရပ်ကို အမျိုးသားသင်ရိုးညွှန်းတမ်းရေး ဆွဲရေးကော်မတီဆိုသည့် စကားရပ်ဖြင့် အစားထိုးရ မည်လို့ အမျိုးသားလွှတ်တော်က အဲဒီလို သုံးနှုန်းအတည်ပြုထားပါတယ်။ နောက် ပြည်သူ့လွှတ်တော် ကတော့ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၉ တွင်ပါရှိသော ကော်မရှင်ဆိုသည့် စကားရပ်ကို ကော်မရှင် ကဖွဲ့စည်းထားသော အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်လို့ သူတို့က အတည်ပြုထားတဲ့အခါမှာ အစောက ကျွန်မ ပြောသလိုပဲ အမျိုးသားလွှတ်တော်ရဲ့ ရှေ့က စကားလုံး အသုံးအနှုန်းနဲ့ လိုက်လျောညီထွေဖြစ်ဖို့အတွက် အမျိုးသားလွှတ်တော်ရဲ့ သင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီ ဆိုတာကိုပဲ သုံးနှုန်းဖို့အတွက် ကျွန်မက အတည်ပြု ထောက်ခံဆွေးနွေးအပ်ပါ တယ်။

နောက်စာမျက်နှာ(၂၆)၊ ပုဒ်မ ၄၄(က)ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းရေး ဆွဲရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်ဆိုပြီးတော့ အမျိုးသားလွှတ်တော်မှာ အဲဒီလိုပါ ပါတယ်။ ပုဒ်မ ၄၀ ပါရှင့်။ ကော်မရှင်သည် အမျိုးသားသင်ရိုး ညွှန်းတမ်းကော်မတီကို သင့်လျော်သော ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေး ရမည်လို့ အဲဒီလိုပါပါတယ်။

အဲဒီတော့ အစောကလိုပဲ ဒါကိုလည်း ရှေ့နောက် လျော်ညီအောင် ကျွန်မကတော့ ကော်မရှင်သည် အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းရေးဆွဲရေး ကော်မတီကို သင့်လျော်သော ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်လို့ အဲဒီလိုမျိုး ကျွန်မကတော့ ပြင်ဆင်လိုကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ နောက် စာမျက်နှာ(၂၉)က အဲဒီမှာ ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)မှာ ပါရှိသော ကော်မရှင်ဆိုသည့်စကားရပ်ကို အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေး ကော်မတီဆိုသည် စကားရပ်ဖြင့် အစားထိုးရမည်ဆိုပြီး အဲဒါကို အမျိုးသားလွှတ်တော်က အတည်ပြုပါတယ်။ ပြည်သူ့လွှတ်တော်က အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က) တွင်ပါရှိသည့် ကော်မရှင်ဆိုသည့် စကားရပ်ကို ကော်မရှင်က ဖွဲ့စည်းထားသော အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်လို့ သူက အဲဒီလို အတည်ပြုထားပါတယ်။ အဲဒီတော့ ကျွန်မအစောကလိုပဲ အရှေ့အနောက်ညီဖို့ရယ်၊ နောက်ပိုပြီးတော့ပြည့်စုံဖို့ရယ် ပြတ်ပြတ်သားသား တိတိကျကျ ဖြစ်ဖို့ကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကိုသာ ကျွန်မ ထောက်ခံပြီးတော့ ကျွန်မ အမျိုးသားလွှတ်တော် အတိုင်းပဲ ပြဋ္ဌာန်းပေးဖို့ ကျွန်မကဆွေးနွေး တင်ပြလို ပါတယ်။

နောက်စာမျက်နှာ(၄၁) ဖြစ်ပါတယ်။ ပုဒ်မ ၆၀ ပါ။ ပုဒ်မ ၆၀ ကို အောက်ပါအတိုင်းအစားထိုးရမည်လို့ပါ ပါတယ်။ အဲဒါကလည်း ကျွန်မစောစောက ဆွေးနွေးသွားတဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ယ) လိုပါ ပဲ။ အတူတူပဲ။ ဝန်ကြီးဌာနသည် ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် အမှီအခိုကင်းသော ပညာရှင်များပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်လို့ ဒါအမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ပါ။ နောက် ပြည်သူ့လွှတ်တော်ကတော့ ဝန်ကြီးဌာနသည် ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိက ကျောင်းများအတွက် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်လို့ အဲဒီလိုပါ ပါတယ်။ အဲဒီတော့ အစောကပြောသလိုပဲ ဒီပညာရှင်ဆိုတဲ့နေရာမှာ အဲဒီ ပညာရှင်ကို အထူး ပြုတဲ့အခါမှာ တစ်ကယ်တစ်ခုခုရဲ့ Pressure တွေ၊ ဘာတွေမပါဘဲနဲ့ ဟို တစ်ခုခုရဲ့ ချုပ်ကိုင်မှုတွေမပါတဲ့၊ သမာသမတ်ကျတဲ့ ပညာရှင်တွေ ဖြစ်ဖို့အတွက် အစောတုန်းက ပုဒ်မ၂၊ ပုဒ်မခွဲ(ယ)လိုပဲ ဝန်ကြီးဌာနသည် ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်း များအတွက် အမှီအခိုကင်းသော ကျွမ်းကျင် ပညာရှင်များ ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်လို့ ကျွန်မအဲဒီလိုပဲ ပြဋ္ဌာန်းပေးဖို့အတွက် ကျွန်မတင်ပြဆွေးနွေးအပ်ပါတယ်။

နောက် စာမျက်နှာ(၄၄)ပါ။ ဒါနောက်ဆုံးပါ။ စာမျက်နှာ(၄၄) ပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)တွင် အမျိုးသားလွှတ်တော်မှ ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး၊ အသင်းအဖွဲ့များက ဆိုသည့်စကားရပ်ကို ပြည်တွင်းရှိလူမှုရေးအဖွဲ့အစည်း၊ ဘာသာရေး အဖွဲ့အစည်းများက ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်လို့ ဒါ အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ပြည်တွင်းရှိလူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များက ဆိုသည့်စကားရပ်ကို ပြည်တွင်းရှိလူမှုရေးနှင့် ဘာသာရေးအဖွဲ့အစည်းများက သုံးနှုန်းပြီးတော့ ပြင်ဆင်ပြီး သုံးနှုန်းထားပါတယ်။ အဲဒီမှာကျွန်မက ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ကျွန်မ ထောက်ခံကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၆) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၄၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ၁၂း၁၇ နာရီအချိန်တွင် ရပ်နားပါသည်။]